# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၉)


# ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် စီမံဆောင်ရွက်ထားရှိမှုများ နိုင်ငံတကာသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး

## သံတမန်များနှင့် ကုလလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေးအတွက် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ကွင်းဆင်းကြည့်ရှုသည်။

ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❁



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် နိုင်ငံတကာသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ငါးခူရယာယီလက်ခံရေးစခန်း၌ ငါးခူရကျေးရွာသားများအား သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းစဉ်။ သတင်းစဉ်

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကမ္ဘာတည်သရွေ့ ဆက်လက်အောင်မြင်ရှင်သန်နိုင်ရန်ကြိုးပမ်းလုပ်ဆောင်ရမည်

ပြည်တွင်းသတင်း စာမျက်နှာ-၅

## စီးပွားရေး တကယ်ဆိုးနေပါသလား

ဆောင်းပါး စာမျက်နှာ-၆

## ဒလမြို့နယ်တွင် ဖြစ်ပေါ်သည့်ဓာတ်ငွေ့မှာ ဇီဝဓာတ်ငွေ့သာဖြစ်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်

ပြည်တွင်းသတင်း စာမျက်နှာ-၈


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ချေးငွေဖန်တီးပံ့ပိုးမှု

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးငွေရရှိစေရန် ချေးငွေရရှိနိုင်ရေးကို ပံ့ပိုးပေးရမည်ဟု စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပြည်တွင်း ပြည်ပပညာရှင်များက အကြံပြုပြောကြားလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လိုအပ်လျက်ရှိသော ချေးငွေများအား ပံ့ပိုးပေးနိုင်ရေး အတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ နည်းလမ်းများအနက် ပြည်ပမှ ချေးငွေရရှိရေး ဖန်တီးပေးခြင်းသည်လည်း နည်းလမ်းတစ်သွယ်ဖြစ်ပါသည်။ ဤနည်းလမ်း ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ချိတ်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများတွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည် မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအဆင့်(၁)ကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က စီမံကိန်း အဆင့်(၁)အတွက် ဂျပန်ယန်း ၅ ဒသမ ၀၃၃ ဘီလီယံ (မြန်မာ ကျပ်ငွေ ၆၁ ဒသမ ၆၅၄ ဘီလီယံခန့်) ထုတ်ချေးခဲ့ပါသည်။ ဤစီမံကိန်းအဆင့် (၁)၌ ချေးငွေ ထုတ်ပေးခဲ့သော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၂၉၂ ဦးရှိသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင် ခြောက်သောင်းကျော်ရှိသည်ဖြစ်၍ ချေးငွေရရှိသော လုပ်ငန်းရှင် ၂၉၂ ဦးဆိုသည်မှာ ပမာဏ မများသည်ကို သတိပြုမိမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ စီမံကိန်းအဆင့်(၂)အတွက် ချေးငွေပံ့ပိုးမှုရရှိရန် စီစဉ်ညှိနှိုင်းပြီးဖြစ်ပါသည်။ အဆိုပါ စီမံကိန်းအဆင့် (၂)အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံ(မြန်မာကျပ်ငွေ ၁၈၀ဘီလီယံ) ထုတ်ချေးသွားမည်ဖြစ်ပါသည်။ ဤချေးငွေတို့သည် ပြန်ဆပ်ကာလနှစ် ၃၀၊ ဆိုင်းငံ့ကာလ ၁၀ နှစ်ဖြစ်၍ စုစုပေါင်း ချေးငွေသက်တမ်းသည် နှစ် ၄၀ ဖြစ်ပါသည်။ ချေးငွေတို့၏ အတိုးနှုန်းသည် ၀ ဒသမ ၀၁ ရာခိုင်နှုန်းသာရှိ၍ များစွာသက်သာသကဲ့သို့ ကျသင့်အတိုးငွေကိုလည်း တစ်နှစ် နှစ်ကြိမ်ပေးခွင့်ရရှိမည်ဖြစ်ပါသည်။ အရင်းငွေ ပြန်လည်ပေးဆပ်မှုကို ဆိုင်းငံ့ကာလကျော်မှသာ တစ်နှစ် နှစ်ကြိမ်ပေးရမည်ဖြစ်ပါသည်။

ဤစီမံကိန်းအဆင့်(၂) ချေးငွေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအားချေးငွေအတွက် အာမခံပစ္စည်း အပြည့်အဝမတင်ပြနိုင်သော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို ချေးငွေအာမခံစနစ် (Credit Guarantee Insurance) အသုံးပြု၍ ထုတ်ချေးမည်ဟူသော သတင်းသည် သတင်းကောင်းဖြစ်ပါသည်။ ဤအချက်သည် ပိုင်ဆိုင်မှုပမာဏနည်းပါးသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တို့အား ပံ့ပိုးမှုပေးရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ချေးငွေရရှိသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တို့အနေဖြင့် တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း ပေးရမည်ဖြစ်၍ နိုင်ငံတွင်း အတိုးနှုန်းသတ်မှတ်ချက်အရ သင့်တင့်သော နှုန်းထားဖြစ်ပါသည်။ လုပ်ငန်းရှင်များသို့ ထုတ်ပေးသောချေးငွေတို့၏ သက်တမ်းသည် နှစ်တို သုံးနှစ်၊ နှစ်လတ်ငါးနှစ်ဖြစ်၍ လုပ်ငန်းရှင်တို့အတွက် အခွင့်အလမ်းသာသော ချေးငွေမျိုးဖြစ်ပါသည်။ စီမံကိန်းအဆင့် (၁)အတွေ့အကြုံအပေါ်မူတည်၍ ဤစီမံကိန်းအဆင့်(၂) ချေးငွေအား နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များထံ ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ဤကဲ့သို့သော အခွင့်အလမ်းသာသည့် ချေးငွေရရှိနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညှိနှိုင်းကြိုးပမ်းမှုကို ကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# သီတဂူဆရာတော် ဦးဆောင်ပြုပြင်ခဲ့သည့် ပျူရှေးဟောင်း သာရမဥ္ဇူသာ မိုးကောင်းစေတီတော် ရွှေထီးတော်နှင့် အနေကဇာတင်



**သဲကုန်း ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့ သမိုင်းဝင် သာရမဥ္ဇူသာ မိုးကောင်းစေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇ နာရီက သဲကုန်းမြို့ ရပ်ကွက် ၁ ဘုရားကြီးလမ်းရှိ သာရမဥ္ဇူသာ မိုးကောင်းစေတီတော်တွင် ကျင်းပသည်။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိဆရာတော် တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ဒေါက်တာအရှင်ဉာဏိဿရ ဦးစီးမွမ်းမံပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ဆရာတော်သည် သဲကုန်းမြို့ဇာတိ ဒေသခံ ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်သည်။ အဆိုပါ အခမ်းအနားကို မြို့နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြပြီး သီတဂူသာသနာပြု အဖွဲ့ဝင်များကလည်း စေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သဲကုန်းမြို့ဟောင်းအမည်ကို အေဒီ ၁၀၆၀ က ရေးသားခဲ့သော တရုတ်နိုင်ငံ တန်မင်းဆက်သမိုင်းအရ ပျူမြို့ ၃၂ မြို့ အတွင်း ပါဝင်ပြီး တာလီမိုမြို့သည် ယခု သဲကုန်းမြို့ဟောင်းပင် ဖြစ်ကြောင်း သမိုင်းပညာရှင်များက မှတ်တမ်းတင်ထားကြသည်။ သဲကုန်းမြို့ဟောင်းမှ တွေ့ရသော ပျူခေတ်ဒင်္ဂါးများ၊ သကျအင်းဟုခေါ်ဆိုနိုင်သည့် အင်းမအင်းတစ်ဝိုက်မှ တွေ့ရှိရသည့် ပျူခေတ်အရိုးအိုးများ၊ သဲကုန်းမြို့ဟောင်း ရွှေကြို့ဝင်ကုန်းမှ တွေ့ရသော ဗိန္ဒုစက်ဝန်းပါ ရေးကျလွန်းသည့် ဗုဒ္ဓကြေးဆင်းတုငယ်တစ်ဆူ၊ တူးဖော်ရရှိထားသည့် ရပ်တော်မူကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်ငယ်နှစ်ဆူ၊ ပျူခေတ်ဆေးတံ၊ မြေအိုးများ၊ လက်ရာတစ်စင်းပါ၊ နှစ်စင်းပါ အုတ်ချပ်ကြီးများ၊ သရေခေတ္တရာ ပြတိုက်တွင် ပြသထားသော သဲကုန်းမြို့ဟောင်းမှ ပျူကျောက်စာတစ်ချပ် အစရှိသည့် ရှေးကျသော သမိုင်းဝင် အထောက်အထားများအရ သဲကုန်းမြို့ဟောင်းသည် သရေခေတ္တရာခေတ်ထက်ပင် စောနိုင်သည့် ပျူဒေသဖြစ်နိုင်ကြောင်း သမိုင်းပညာရှင်များက အခိုင်အမာ ဆိုထားကြောင်း သိရသည်။

သဲကုန်းမြို့သည် ရသေ့မြို့ဖြစ်နိုင်ပြီး သဲကုန်းမြို့ဟောင်းတစ်ဝိုက်တွင် ပျူမင်းအဆက်ဆက် ဘုရားစေတီများ တည်ထားနိုင်ခဲ့မည်ဖြစ်ကြောင်း ခန့်မှန်းထားကြပြီး စာပေယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားကြောင်း သိရသည်။ ယခု သာရမဥ္ဇူသာမိုးကောင်းစေတီသည်လည်း ရှေးဟောင်းဘုရားတစ်ဆူဖြစ်ပြီး ရှေးအစဉ်အဆက်သမိုင်းကြောင်းအရ ပျူခေတ်က စေတီသုံးဆူတည်ထားခဲ့ရာ ကျောင်းကုန်းရွာထိပ်ရှိ စေတီကို မဥ္ဇူဟုခေါ်ပြီး ထန်းရင်းရွာလယ်ရှိ စေတီကို သာရဟုခေါ်ကာ မိုးကောင်းကျောင်းတိုက်အနားရှိ စေတီကို မိုးကောင်းစေတီဟု ခေါ်ဆိုခဲ့ကြသည်။

ယခုအခါ ကျောင်းကုန်းရွာထိပ်ရှိ စေတီကို ကနေဒါနိုင်ငံရောက် ဇာတိဖွား အလှူရှင်တို့က ဘုရားစေတီတန်ဆောင်းတို့ကို ပြန်လည်ပြုပြင်ထားခဲ့ပြီး ထန်းရင်းရွာလယ် သာရစေတီကိုမူ သရက်သုံးပင်ဆရာတော်နှင့် ကြက်ခွဲဆရာတော်နှစ်ပါးက ဦးဆောင်ကာ ပြုပြင်တည်ဆောက်လျက် ရှိသည်။ နှစ်ပေါင်းများစွာ ပြုပြင်မွမ်းမံသူမရှိဘဲ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းနေသည့် စေတီပျက်ငယ်ကိုမူ ဦးရွှေလုံးခေါ် ဘုန်းတော်ကြီးတစ်ပါးက ဦးဆောင်ကာ အတောင်နှစ်ဆယ်အဖြစ် ပြုပြင်ခဲ့ကြသည်။ ၁၂၄၈ ခုနှစ်တွင် သဲကုန်းမြို့ပိုင် ဦးကြည်က ဦးဆောင်၍ ဒေသခံများက စုပေါင်းကောင်းမှုဖြင့် ပြန်လည်ပြုပြင်ခဲ့ပြီး သာရမဥ္ဇူသာ မိုးကောင်းစေတီဟု ခေါ်တွင်ခဲ့ကြောင်း သိရသည်။

အဆိုပါစေတီတော်သည် ဉာဏ်တော်အမြင့် ၅၈ တောင် လေးသစ်၊ လုံးပတ်တော် ၃၃ တောင် ရှစ်သစ်၊ အောက်ခြေ ပတ်လည် ၁၀၆ တောင် ၅ မိုက်ရှိပြီး ယခုအခါ သီတဂူဆရာတော်က ဦးဆောင်ကာ ပြန်လည်မွမ်းမံခဲ့ပြီး ရွှေထီးတော်သစ်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူခဲ့ခြင်းဖြစ်သည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-သီတဂူအောင်သန်းဝင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၅-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၂ | ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ | ·၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၃ | ·၉ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၆ |
| တရုတ် | တစ်ယွမ် | ၂၀၉ | ·၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၈ | ·၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၃၃) ကြိမ်မြောက် ဓမ္မာစရိယ၊ ပထမပြန် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၃၃)ကြိမ်မြောက် ဓမ္မာစရိယ၊ ပထမပြန် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီက မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားတွင် နိုင်ငံတော် မြို့နယ် မြတောင်တိုက် သမ္မတစာချ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူ သြဝါဒါစရိယ မဟာအောင်မြေ ကျောင်းဆရာတော် ဘဒ္ဒန္တအကုံရ ဆောက်တည်ကြကာ နိုင်ငံတော် သံဃ



မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ထံမှ သမ္ဗောဒနီယသာရဏီယ သြဝါဒကထာ နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြကြသည်။

ဆက်လက်၍ ဘွဲ့နှင်းနာယက ဆရာတော် အရှင်သူမြတ်တို့အား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ အထူးအောင် သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ အထူးအောင် သီလရှင်များအား အောင်လက်မှတ်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် ဆုများ ချီးမြှင့်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘုရားကြီးတိုက် ဆင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သြဘာသာဘိဝံသမထေရ်မြတ်ထံမှ ရေစက်သွန်းချ အနုမောဒနာတရား နာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဓမ္မာစရိယအောင် သံဃာတော်များအား အစီအစဉ်အတိုင်း ပင့်ဆောင်၍ အောင်လက်မှတ်များ ဆက်လက် ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မာစရိယအောင် သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနား အပြီးတွင် အထူးအောင် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက လှူဖွယ်ဝတ္ထုများကို လောင်းလှူကြည်ညိုကြသည်။ ယနေ့အခမ်းအနားတွင် ၁၃၇၉ ခု၊ ၂၀၁၇ ခုနှစ် ဓမ္မာစရိယ စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် ဓမ္မာစရိယ အထူးအောင် လေးပါး၊ ဓမ္မာစရိယစာအောင်ပုဂ္ဂိုလ် ၇၇၇ ပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၂ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင် ပုဂ္ဂိုလ် ၁၉ ပါး၊ နိကာယ် မဟာဝိဒူတစ်ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် များ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြ ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် Gen. Tarnchaiyan Srisuwan ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် ထိုင်းဘုရင်မင်းမြတ်မှပေးအပ်မည့် “ The Knight Grand Cross (First Class) of the Most Exalted Order of the White Elephant ” အပ်နှင်းခြင်း အခမ်းအနားတက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Narong Boonsatheanwong ၊ ထိုင်းဘုရင့်တပ်မတော်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**လေ့လာသွားမည်**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ လိုက်ပါသွားကြပြီး ခရီးစဉ်အတွင်း ထိုင်းဘုရင်မင်းမြတ်မှပေးအပ်မည့် “ The Knight Grand Cross(First Class) of the Most Exalted Order of the White Elephant ” အား လက်ခံရယူခြင်းနှင့် အထင်ကရနေရာများအား လှည့်လည်ကြည့်ရှု လေ့လာသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိရာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့်ဇနီး၊



ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာ စစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများက ဒွန်မောင်း တပ်မတော်လေဆိပ် (Wing - 6) တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် SDC တို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Swiss Agency for Development and Cooperation (SDC) တို့အကြား နားလည်မှုစာချွန်လွှာ ဒုတိယအကြိမ် ပြင်ဆင်ချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကား ပြောကြားပြီး Swiss Agency for Development and Cooperation (SDC) မှ Head of Cooperation , Mr.Markus Buerli က နားလည်မှုစာချွန်လွှာ ဒုတိယအကြိမ် ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် Swiss Agency for Development and Cooperation (SDC) မှ Head of Cooperation ဖြစ်သူ Mr.Markus Buerli တို့က နားလည်မှုစာချွန်လွှာ ဒုတိယအကြိမ် ပြင်ဆင်ချက်အား လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ **(ဝဲပုံ)**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Swiss Agency for Development and Cooperation (SDC) တို့အကြား ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံ အဆောက်အအုံလုပ်ငန်းများအား ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး ယခု လက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာ ဒုတိယအကြိမ် ပြင်ဆင်ချက်အနေဖြင့် စီမံကိန်းရန်ပုံငွေအား အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ သန်းသို့ တိုးမြှင့်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ သက်တမ်းတိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာလွှတ်တော်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေး



**နေပြည်တော်   ဖေဖော်ဝါရီ ၁၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Westminster Foundation For Democracy (WFD) ၏ အမှုဆောင်အရာရှိချုပ် Mr. Antony Smith အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် Westminster Foundation For Democracy (WFD) အနေဖြင့် မြန်မာလွှတ်တော်များ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အထောက်အကူပြု ဝန်ထမ်းများအား လွှတ်တော်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံနှင့် နည်းပညာကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍများတွင် အထောက်အကူဖြစ်စေမည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈) ကျင်းပ

**နေပြည်တော်   ဖေဖော်ဝါရီ ၁၅**

သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲ(၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2) ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာကဏ္ဍများ အပေါ်တွင် စိတ်ပါဝင်စားမှု ပိုမိုမြင့်တင်နိုင်ရေးနှင့် တီထွင်ဆန်းသစ်နိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များကို အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် တာဝန်ယူ၊ တာဝန်ခံတတ်သည့် လူငယ်မောင်မယ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ ပြုစုပျိုးထောင်ပေးလိုက်သည့် ကျောင်းသားလူငယ်များကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး တီထွင်ဆန်းသစ်နိုင်စွမ်းရှိသည့် လူငယ်မောင်မယ်များ ဖြစ်လာစေရန် သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ယနေ့ ကမ္ဘာတွင် ပညာရေးကဏ္ဍကို အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံလျက်ရှိနေကြပါကြောင်း၊ ပညာရေးယှဉ်ပြိုင်မှု ပြင်းထန်သည့် ခေတ်ကာလတွင် လူငယ်များသည် အဆင့်မြင့်ကျွမ်းကျင်မှု ပညာရပ်များ တတ်မြောက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လူငယ်မောင်မယ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် အခြေခံသုတေသနများ၊ လက်တွေ့အသုံးချနိုင်သည့် သုတေသနများနှင့် ဆန်းသစ်တီထွင်မှုများကိုလည်း အားပေးဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ သုတေသီများ၏ သုတေသနစာတမ်းများကို သက်ဆိုင်ရာ နယ်ပယ်အလိုက် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည့်အတွက် စိတ်ပါဝင်စားသည့် နယ်ပယ်များအလိုက် စူးစမ်းလေ့လာနိုင်မည် ဖြစ်ပါကြောင်း။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈)တွင် Biotechnology, Biology, Botany နယ်ပယ်များ၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များသာမက နည်းပညာတက္ကသိုလ်များလည်း ပါဝင်နေသည့်အတွက် တူညီသည့်ဘာသာရပ် နယ်ပယ်များတွင် အတွေ့အကြုံဗဟုသုတများကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပညာရပ်အရည်အသွေး မြှင့်တင်ခြင်းများကိုလည်း ပေါင်းစပ်ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း၊ သိပ္ပံပညာရပ်ဆိုင်ရာ ပညာရှင်များနှင့် စိတ်ပါဝင်စားသူများအနေဖြင့်လည်း တွေ့ဆုံညှိနှိုင်း ဆွေးနွေးဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း။

ပြိုင်ပွဲသည် Science နှင့် Society အကျိုးပြုမှု မြှင့်တင်ပေးနိုင်ရေးအတွက် Contribution enhance ဆောင်ရွက်ပေးနိုင်ရေးကို အဓိကရည်ရွယ်သည့် ပြပွဲ၊ ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲဝင် လူငယ်၊ မောင်မယ်များအနေဖြင့် Science, Engineering ICT ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း၊ နိုင်ငံ၏ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားတိုးတက်လာစေရန်နှင့် တီထွင်ဆန်းသစ်နိုင်စွမ်း မြင့်မားလာစေရန် တက်ညီလက်ညီ ဝိုင်းဝန်းအားပေးကူညီ ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈) အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈)တွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် ဦးထက်စံလင်း၊ ဦးသော်တာထွန်းနှင့် ဦးထူးမြင့်နောင်တို့က နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်သူများ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်သည်။ ထို့အပြင် ပညာရှင်များ၏ သုတေသနစာတမ်းများနှင့် ပြိုင်ပွဲဝင် ဘွဲ့လွန်ကျောင်းသားများ၏ စာတမ်းများကိုလည်း ဖတ်ကြားကြမည်ဖြစ်ပြီး အဆိုပါပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈)ကို ဖေဖော်ဝါရီ ၁၆ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈)သို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# Smart Grid နည်းပညာကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ဆွေးနွေး

**နေပြည်တော်   ဖေဖော်ဝါရီ ၁၅**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Huawei Technologies Co.,Ltd. အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများတွင် Smart Grid နည်းပညာကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော်   ဖေဖော်ဝါရီ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ကယားပြည်နယ်လွှတ်တော်ရုံးမှ ဒေါ်ခင်အေးမူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ၃၆ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်ကျော်ဦး မိုင်းတုံမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး ကလေးမဲဆန္ဒနယ်၏ မိတ်ဆွေနှစ်ဦး၊ ဦးအောင်ကျော်ကျော်ဦး လှိုင်မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသည့် တက္ကသိုလ်များမှ ဆရာ ဆရာမများ ၁၂ ဦး၊ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး ညောင်ရွှေမဲဆန္ဒနယ်၏ တောင်ကြီး လူငယ်အဖွဲ့ ၄၀၊ ဦးအောင်သိန်း၊ ဇန်းမော်မဲဆန္ဒနယ်၏ လူငယ်ညီလာခံ ကျင်းပရေးဗဟိုကော်မရှင်မှ လူငယ်အဖွဲ့ ၄၇ ဦးနှင့် ဒေါက်တာလှမိုး အောင်မြေသာစံ မဲဆန္ဒနယ်၏ မိတ်ဆွေ ပဲခူးတက္ကသိုလ်၊ ရူပဗေဒပညာဌာနမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၅၆ ဦး စုစုပေါင်း ၁၉၄ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

*✻ ကျောဖုံးမှ*

အထက်တန်းထိုင်ခုံ နှစ်တွဲ ပါဝင်တယ်၊ ဒီတွဲဆိုင်းက လူစီးအများဆုံးပါ၊ အစုန်၊ အဆန် တစ်ခေါက်ကို ခရီးသည် ၂၀၀၀ လောက် စီးနင်းကြတယ်''ဟု ၎င်းက ပြောသည်။

မြန်မာ့မီးရထားမှ ခရီးသည်များအား သက်သောင့်သက်သာ စီးနင်းသွားလာနိုင်ရန် ဦးစားပေးလမ်းပိုင်းစနစ်အလိုက် တွဲဆိုင်းအသစ်၊ စက်ခေါင်းအသစ်များဖြင့် လဲလှယ်ပြေးဆွဲနေပြီး မြစ်ကြီးနားလမ်းပိုင်းတွင် ယခု ရထားခရီးစဉ် အဆိုင်းတစ်ဆိုင်းကို တွဲသစ်များဖြင့် အစားထိုးလဲလှယ်ပြေးဆွဲနိုင်ခဲ့ပြီး လာမည့် မတ်လနှင့် ဧပြီလတို့တွင် ကျန်ရှိသည့် အဆိုင်းနှစ်ဆိုင်းအတွက် တွဲဆိုင်းသစ်များဖြင့် ပြောင်းလဲပြေးဆွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။

“တွဲတွေမှာ လေအိတ်စနစ်တပ်ဆင်ထားတာတော့ မရှိပေမယ့် ရထားတွဲအတွင်းပိုင်းမှာ အရည်အသွေးကောင်းမွန်တဲ့ ပစ္စည်းတွေသုံးထားပြီး ကြမ်းခင်းမှာ ဖယောင်းပုဆိုးခင်းထားတယ်၊ လုံခြုံစိတ်ချမှုအတွက် ဘရိတ်စနစ်က Compressed Air Brake သုံးထားသလို ကွန်ပျူတာနဲ့ ထိန်းချုပ်စနစ် တပ်ဆင်ထားပါတယ်''ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ဒုတိယအများဆုံးဖြစ်ပြီး နေ့စဉ် အမြန်ရထား သုံးစင်း၊ စာပို့ရထား တစ်စင်း၊ ပါဆယ်ရထား တစ်စင်း၊ RBE လေးစင်း၊ လူစီးနှင့် ကုန်တင်လော်ကယ်ရထား သုံးစင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

*✻ ကျောဖုံးမှ*

ရခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် လက်ရွေးစင်အမျိုးသမီးအသင်းတွင် လက်ထောက်နည်းပြအဖြစ် ကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့သည့် ဒေါ်သက်သက်ဝင်းအား တာဝန်ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းနည်းပြသုံးဦးကို ယခုရက်ပိုင်းအတွင်း အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်ပြီး စာချုပ်ချုပ်ဆိုပြီးမှသာ လေ့ကျင့်ပြင်ဆင်မည့် အစီအစဉ်များအား အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။ ယခုနှစ်အတွင်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲ၊ မြန်မာ ယူ-၁၉ အမျိုးသားအသင်းက အာဆီယံ ယူ-၁၉ ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြည်တွင်းနည်းပြများကို နေရာပေးလာပြီး အမျိုးသားအသင်းများဖြစ်သည့် ယူ-၂၁၊ ယူ-၁၉၊ ယူ-၁၆၊ အမျိုးသမီးအသင်းများဖြစ်သည့် လက်ရွေးစင်နှင့် ယူ-၁၉ အသင်းတို့အား ပြည်တွင်းနည်းပြများကို တာဝန်ပေးအပ်ခဲ့သည်။ **ညီမြတ်သော်တာ**

# ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်

**ရွှေတောင်   ဖေဖော်ဝါရီ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင် ဦးစီးမှူးရုံးနှင့် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေတောင်မြို့နယ် မြို့ပေါ်ရပ်ကွက် နှစ်ခု၌ မြေငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းအား မြို့နယ်ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့၊ ရှာဖွေ၊ ကယ်ဆယ်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ဆပ်ကော်မတီ၊ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေး ဆပ်ကော်မတီ၊ ကြက်ခြေနီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပရဟိတနာရေးကူညီမှုအသင်း(ရွှေတောင်)နှင့် မြို့ပေါ်ရပ်ကွက်နှစ်ခုမှ စုစုပေါင်း ၁၈၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံးမှ ငလျင်ဘေးအန္တရာယ်အသိပညာပေး ဟောပြောခြင်းနှင့် သဘာဝဘေးဗီနိုင်းပိုစတာများ၊ လက်ကမ်းစာစောင်များ၊ အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး (Border Liaison Office) ဖွင့်လှစ်မည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ကမ္ဘာတည်သရွေ့ ဆက်လက်အောင်မြင်ရှင်သန်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကမ္ဘာတည်သရွေ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံ့ဂုဏ်ဆောင်မီဒီယာတစ်ခု ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အရေးပါသော အခင်းအကျင်းနှင့် အဖြစ်အပျက်တိုင်းကို ပြည်သူ့ထံ တင်ပြနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပြောင်းလဲလာသည့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းရင်း ပြည်သူ့အတွက် ထာဝရရပ်တည်ခဲ့ကြောင်း၊ အစိုးရအဆက်ဆက်၏ လက်ထက်တွင် နိုင်ငံတော်၏ ကဏ္ဍအသီးသီး၌ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်း ပြုပြင်ပြောင်းလဲမှု အများအပြားပြုလုပ်ခဲ့ကြောင်း၊ ယခု (၇၂) နှစ် ပြည့်မှသည် နှစ်ပေါင်းများစွာ ကမ္ဘာတည်သရွေ့ ဆက်လက်အောင်မြင်ရှင်သန်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၁၀ ဦးနှင့် ၂၀၁၇ ခုနှစ် နိုင်ငံ့ဂုဏ်ဆောင်အားကစားပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရရှိသူတစ်ဦးတို့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဌာနမှ စေလွှတ်သော သင်တန်းများတွင် ဆုရရှိသူခုနစ်ဦးနှင့် ဆောင်းပါး၊ စာပေပြိုင်ပွဲများတွင် ဆုရရှိသူသုံးဦးတို့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

**အောင်မြင်စွာဆောင်ရွက်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဗမာ့အသံဆိုသည့်အမည်ဖြင့် စတင်ပေါ်ပေါက်ခဲ့ပြီး ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာ့အသံဟု အမည်ပြောင်းခဲ့သည်။ ထို့နောက် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအစီအစဉ်များကို ထုတ်လွှင့်ခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟု ရပ်တည်ခဲ့ကာ နိုင်ငံပိုင်မီဒီယာလုပ်ငန်းကြီးတစ်ခုအဖြစ် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယနေ့ဆိုလျှင် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး မီဒီယာဌာနကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး နှစ်ပေါင်း ၇၂ နှစ် တိုင်ခဲ့ပြီဖြစ်သည်။

**ထုတ်လွှင့်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ယခုဆိုလျှင် MRTV နှင့် MRTV Entertainment Channel တို့အပြင် Myanmar International Television (MITV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC Channel)၊ လွှတ်တော်ရုပ်သံလိုင်းနှင့် တောင်သူလယ်သမားရုပ်သံလိုင်းတို့ကို တစ်ပြိုင်တည်း ထုတ်လွှင့်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတွင် တိုင်းရင်းသားဘာသာ ၁၁ မျိုးနှင့် ထုတ်လွှင့်နေပြီး အလားတူ မြန်မာ့အသံ (ရေဒီယို)တွင်လည်း မြန်မာပိုင်းအစီအစဉ်နှင့် အင်္ဂလိပ်ပိုင်းအစီအစဉ်တို့အပြင် တိုင်းရင်းသားဘာသာ ၁၇ မျိုး ပါဝင်သည့် တိုင်းရင်းသားဘာသာအစီအစဉ်တို့ကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်မောင်လွင် (မြန်မာ့အလင်း)**



❀ *ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်၊ ခရိုင်အဆင့်ဆင့်မှ လျှပ်စစ်အင်ဂျင်နီယာများက အနီးကပ်ကွပ်ကဲရေးအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းကာ တက္ကသိုလ်ဝင်စာမေးပွဲကာလနှင့် ဖြေဆိုနေစဉ်အတွင်း မလိုလားအပ်သော ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ ဓာတ်အားပြည့်ဝစွာရရှိစေရေးတို့အတွက် သက်ဆိုင်ရာမြို့နယ်များအတွင်းရှိ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းကြံ့ခိုင်ရေးအတွက် ကြိုတင်ကွင်းဆင်းပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း၊ ယင်းကာလအတွင်း တာဝန်များ ခွဲဝေချထားပြီး လုပ်ငန်းသုံးပစ္စည်းများ အပြည့်အစုံဖြင့် ၂၄ နာရီ ပတ်လုံးထားရှိကာ ဓာတ်အားပြတ်တောက်သည်နှင့် အမြန်ဆုံးပြန်လည်ရယူ ဖြန့်ဖြူးနိုင်ရန်အတွက် ကွပ်ကဲဆောင်ရွက်ရန်လည်း တာဝန်များ ခွဲဝေချထားပေးလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းစာ ရှင်းလင်းပွဲမှ သိရှိရသည်။

သက်ဆိုင်ရာ စာစစ်ဌာနနှင့် စာဖြေဌာနများ၏ အရေးကြီးနေရာ၊ လိုအပ်သည့်နေရာတို့တွင် အရန်ဓာတ်အားပေးစက်များ ချထားနိုင်ရေး သက်ဆိုင်ရာကော်မတီများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်နေပြီး စီမံချက်ကာလအတွင်း ဓာတ်အားပြတ်တောက်ခြင်းနှင့် အရေးပေါ်ဓာတ်အားပြတ်တောက်မှုများ မဖြစ်စေရေး၊ သဘာဝဘေးကြောင့် မဖြစ်မနေ ဓာတ်အားပြတ်တောက်ပါကလည်း အရန်မီးစက်များဖြင့် အစားထိုးဖြည့်ဆည်းပေးရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သတင်းအချက်အလက်နှင့် ပြန်ကြားရေးအဖွဲ့ကလည်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် သတင်းအချက်အလက်များအား ကွပ်ကဲရေးအဖွဲ့နှင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်များသို့ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားမပြည့်ဝမှုတို့အား အချိန်နှင့် တစ်ပြေးညီရရှိရေး၊ အမြန်ပြုပြင် ဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများ၌ နေ့စဉ် ၂၄ နာရီ တာဝန်ချထားပြီး သတင်းအချက်အလက်စုဆောင်းခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများရှိခဲ့ပါက ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားခြင်းနှင့် ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အား ပြတ်တောက်ရန် အစီအမံများသိရှိပါက ချက်ချင်းသတင်းပို့ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲကာလမတိုင်မီ ယခုအချိန်မှစတင်ကာ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ ကြိုတင်စစ်ဆေးမှုများနှင့် ပြင်ဆင်မှုများ ပြုလုပ်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှအပ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာစစ်ဌာနစုစုပေါင်း ၁၁၈၆ ခုရှိရာ တာဝန်ချထားသည့် စာစစ်ဌာနပေါင်း ၉၉၉ ခု၊ ဓာတ်အားစနစ်မရှိသည့် စာစစ်ဌာနပေါင်း ၁၉၇ ခုနှင့် အရန်မီးစက်ချထားမှု ၅၁၀ ခုတို့ကို စီမံထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ထို့ပြင် စာမေးပွဲကာလအတွင်း ၂၄ နာရီ စက်အင်အား၊ လူအင်အားအပြည့်ဖြင့် ဓာတ်အားမပြတ်တောက်စေရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ကြိုတင်စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ လိုအပ်ချက်များအား ပြုပြင်ခြင်း၊ အရန်မီးစက်များထားရှိခြင်းနှင့် သတ်မှတ်နေရာများတွင် ဝန်ထမ်းများ တာဝန်ချထားပေးခြင်းများကို စီမံဆောင်ရွက်ထားရှိပြီး ကောင်းမွန်သည့်ဝန်ဆောင်မှုများကို ပြည်သူများ သိရှိလက်ခံလာစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သီရိသျှံ**



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

# စီးပွားရေး တကယ်ဆိုးနေပါသလား

အေးမောင်ကျော်

မြန်မာ့စီးပွားရေးဆိုးနေသလား၊ မြန်မာ့အပြောင်းအလဲ ဘာမှမပြောင်းလဲတာလား၊ မြန်မာနိုင်ငံ ကွဲကြေကျရှုံး နိုင်ငံဖြစ်နေပြီလား စသဖြင့် မထိတ်သာ မလန့်သာ ခေါင်းစဉ်ပြူးပြဲနေတာတွေနဲ့ ရေးကြ၊ ဆွေးနွေးကြ၊ ဒီဘိတ်တွေ လုပ်ကြတာတွေ တွေ့နေရပါတယ်။ မြန်မာ့အပြောင်းအလဲဟာ ပြောရင်းပြောရင်းနဲ့ ဝေဖန်ရေးဆရာများ ပါးစပ်ဖျားမှာ ဘာမှမပြောင်းလဲသော၊ သုံးမရတဲ့အဆင့်လောက်အထိ ရောက်လာတာ ဖြစ်ပါတယ်။

**လာအိုနိုင်ငံကိုတောင်မမီသေးကြောင်း ထောက်ပြထား**

မြန်မာ့အပြောင်းအလဲဆိုသော်လည်း တကယ်တမ်းပြောင်းလို့ မရနိုင်သေးတာတွေ ရှိတယ်ဆိုတာ ပထမဆုံးအသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ပြောင်းလို့ရတဲ့ ခွင်တွေလည်း အစိုးရမှာရှိနေသလို တကယ်လည်း ပြောင်းနေတာတွေကို လေ့လာရင် တွေ့နိုင်မှာ ဖြစ်ပါတယ်။ ဘယ်အစိုးရပဲတက်တက် မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ၊ စီးပွားရေးအရ စိတ်ထင်သလို ပြောင်းလို့မရတဲ့ အကန့်အသတ်တွေရှိပါတယ်။ ဒီဆောင်းပါးမှာတော့ စီးပွားရေးကို ပိုပြီးပြောလိုပါတယ်။ မကြာသေးခင်ကပဲ ပြုလုပ်တဲ့ UMFCCI မှာ ကျင်းပတဲ့ စီးပွားရေးဆိုင်ရာသုံးသပ်မှု စာတမ်းဖတ်ပွဲမှာ ယခင်အစိုးရလက်ထက်မှာ စီးပွားရေးအကြံပေးပြုလုပ်ခဲ့တဲ့ ဆရာကြီး ဦးမြင့်ရဲ့ စာတမ်းက လူသိများခဲ့ပါတယ်။ သူ့စာတမ်းမှာ စီးပွားရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ တန်းတူအလေးထားဖို့၊ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ဆိုတာတွေကို ဇောင်းပေးတင်ပြသွားတာပါ။ အဂတိလိုက်စားမှုနဲ့ပတ်သက်လို့ ငါးကြီးကြီးကို ထုတ်ကြော်ပြလိုက်ဖို့၊ ဒီလိုလုပ်ရာမှာလည်း သူများကန်ထဲကမဟုတ်ဘဲ ကိုယ့်ကန်ထဲက ငါးကြီးကို ကိုယ်အရင်ဆုံးကြော်ပြဖို့ဆိုတာမျိုး တိုက်တွန်းထားတာပါ။ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောဆိုရာမှာ GDP ဖွံ့ဖြိုးနှုန်းမှာ လာအိုနိုင်ငံကိုတောင် မမီသေးကြောင်း ထောက်ပြထားတာဖြစ်ပါတယ်။

**အချို့ကဏ္ဍတွေမှာတော့ သိသိသာသာကောင်းလာ**

တကယ်တမ်းကတော့ စီးပွားရေးဆိုတာ အခွင့်အလမ်းကိုအခြေခံတာ ဖြစ်ပါတယ်။ အခွင့်အလမ်းကောင်းတွေရှိလာတဲ့ နယ်ပယ်မှာ ကိုယ်ရှိမနေဘူးဆိုရင် ဒီအခွင့်အလမ်းနဲ့ ကိုယ်နဲ့ ဝေးနေမှာပဲ ဖြစ်ပါတယ်။ တချို့က ကိုယ့်လုပ်ငန်းမကောင်းတာနဲ့ စီးပွားရေးတစ်ခုလုံး မကောင်းတော့ဘူးဆိုတာမျိုး ယူဆလာကြတာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဟာ ကဏ္ဍစုံမှာ ကောင်းနေတာမျိုး မဟုတ်ပေမယ့် တချို့ကဏ္ဍတွေမှာတော့ သိသိသာသာ ကောင်းလာတာ တွေ့ရမှာပါ။ အထူးသဖြင့် အထည်ချုပ်ကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေး စတာတွေမှာ အတော်ကောင်းနေတာ ဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ အဲဒီကော်မတီဥက္ကဋ္ဌရဲ့ပြောဆိုချက်အရ ၂၀၁၆ ခုနှစ်တုန်းက ဒေါ်လာ ၃.၆ ဘီလီယံလောက်လို့ အတည်ပြုခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ FDI ဝင်ရောက်မှုကို ၄.၈ ဘီလီယံလို့ အတည်ပြုခဲ့တော့ မနှစ်ကနဲ့ယှဉ်ရင် ဒီနှစ်အတည်ပြုပေးနိုင်တာ ၁.၂ ဘီလီယံလောက် ပိုလာတယ်လို့ ဆိုရမှာပါ။ ထူးခြားတာကတော့ လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရီပထမပတ်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၅ ခုနှင့် ယခုနှစ်အတွင်း လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်ငွေ ၃၃၇၂ ဘီလီယံကျော်အထိ ရောက်ရှိလာတာ ဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလပထမပတ်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုအပါအဝင် စုစုပေါင်း ဒေါ်လာ ၅.၄ ဘီလီယံကျော် မြှုပ်နှံထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက် ၂/ ၂၀၁၈ အရ သိရတာဖြစ်ပါတယ်။

**လည်ပတ်နိုင်တဲ့ လူဦးရေများလာတာဖြစ်**

ခရီးသွားကဏ္ဍအဖို့ဆိုရလျှင် ၂၀၁၈ ဇန်နဝါရီလကုန်အထိ မြန်မာတစ်နိုင်ငံလုံးတွင် လိုင်စင်ရဟိုတယ် ၁၆၀၅ လုံး၊ အခန်းပေါင်း ၆၄၅၀၀ ကျော် ရှိလာပါတယ်။

> **စီးပွားရေးဆိုတာ အခွင့်အလမ်းကိုအခြေခံတာ ဖြစ်ပါတယ်။ အခွင့်အလမ်းကောင်းတွေရှိလာတဲ့ နယ်ပယ်မှာ ကိုယ် ရှိမနေဘူးဆိုရင် ဒီအခွင့်အလမ်းနဲ့ ကိုယ်နဲ့ ဝေးနေမှာပဲ ဖြစ်ပါတယ်။ တချို့က ကိုယ့်လုပ်ငန်းမကောင်းတာနဲ့ စီးပွားရေးတစ်ခုလုံး မကောင်းတော့ဘူးဆိုတာမျိုး ယူဆလာကြတာ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဟာ ကဏ္ဍစုံမှာ ကောင်းနေတာမျိုး မဟုတ်ပေမယ့် တချို့ကဏ္ဍတွေမှာတော့ သိသိသာသာ ကောင်းလာတာ တွေ့ရမှာပါ။ အထူးသဖြင့် အထည်ချုပ်ကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေး စတာတွေမှာ အတော်ကောင်းနေ**

ဟိုတယ်အများစုရှိတဲ့ မြို့တွေကတော့ ရန်ကုန် ၃၉၀၊ မန္တလေး ၂၀၈၊ တောင်ကြီးအင်းလေး ၁၄၁၊ ပုဂံ၊ ညောင်ဦး (ဟိုတယ် ၈၅) ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်တို့ဟာ နိုင်ငံခြားသားဝင်ရောက်မှု အများဆုံး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံခြားသားဝင်ရောက်မှု ၂.၉၁ သန်း ရှိခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ၃.၄၄ သန်းရှိခဲ့တာ ဖြစ်တယ်။ ထူးခြားတာကတော့ ၂၀၁၆ ခုနှစ်ကစလို့ ပြည်တွင်းခရီးသွားလည်ပတ်မှုပမာဏ ၅ သန်းကျော် ရှိလာတာပဲ ဖြစ်တယ်။ ဒီထူးခြားချက်က ရန်ကုန်မှာ နေသူတွေလည်း သတိထားမိလာတာဖြစ်တယ်။ ယခင်က ရုံးပိတ်ရက် ၃,၄ ရက် လောက်ဆက်သွားရင် ရန်ကုန်မြို့လယ်နဲ့ အခြားလည်ပတ်စရာနေရာတွေ လူစည်ကားလေ့ရှိပါတယ်။ အခုတော့ ရုံးပိတ်ရက်ရှိရင် ရန်ကုန်ကနေ အခြားတစ်နိုင်ငံလုံးကို ခရီးထွက်ကြတာကြောင့် မြို့လယ်မှာ ဘာမှမထူးခြားဘဲ ဖြစ်လာတာဖြစ်တယ်။ ဒါကလည်းနိုင်ပတ်နိုင်တဲ့ လူဦးရေများလာတာ ဖြစ်တယ်လို့ ဆိုရမှာပါ။

**ဆန်တန်ချိန် ၃ သန်းနီးပါး တင်ပို့နိုင်ခဲ့**

နောက်ထပ်ထူးခြားချက်တစ်ခုကတော့ ပြီးခဲ့တဲ့နှစ်အတွင်း ဆန်တန်ချိန် ၃ သန်းနီးပါး တင်ပို့နိုင်ခဲ့တာ ဖြစ်တယ်။ ဒါက လွန်ခဲ့တဲ့ နှစ် ၅၀ လောက်အတွင်း ရရှိခဲ့တဲ့ စံချိန်ဖြစ်ပါတယ်။ နောက်တစ်ခုက အထည်ချုပ်လုပ်ငန်းပါ။ ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇၃ သန်း ရရှိတယ်လို့ ဆိုပါတယ်။ ဧရာဝတီတိုင်းဒေသကြီးဟာ တစ်နိုင်ငံလုံးစပါးထွက်ရှိမှု ပမာဏ၏ ၅၈ ရာခိုင်နှုန်းကျော်ကို စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိတာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မိုးစပါးနဲ့ နွေစပါးစိုက်ပျိုးဧက ၁၇၇ သိန်းကျော် စိုက်ပျိုးခဲ့ပြီး စပါးတင်းပေါင်း ၁၃၀၈ သန်း ထွက်ရှိတာ ဖြစ်တယ်။ လယ်ယာနဲ့ စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေခြင်းဟာ တစ်တိုင်းပြည်လုံး လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းပြေလည်မှုရှိနေတယ်လို့ ယေဘုယျအားဖြင့် ပြောဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျေးလက်မှာ နိုင်ငံခြားထွက်တဲ့ လူများတဲ့အတွက် လယ်ယာလုပ်သားရှားပါးမှုနဲ့ ရာသီဥတုဖောက်ပြန်မှုဆိုတဲ့ ပြဿနာကတော့ ရှိနေပါတယ်။ ဒါကြောင့် ကျေးလက်အတော်များများမှာ အလိုလို စက်မှုတပ်ဆင်လာတာတွေ တွေ့လာရတာ ဖြစ်တယ်။

**အထည်ချုပ်လုပ်ငန်း အလားအလာကောင်းနေ**

ပြီးခဲ့တဲ့နှစ်အတွင်း အကောင်းဆုံးလုပ်ငန်းက အထည်ချုပ်လုပ်ငန်းဖြစ်ပါတယ်။ ၁ ဒသမ ၉၆ ဘီလီယံလောက်အထိ ဝင်ငွေရရှိခဲ့တာပါ။ အထည်ချုပ်စက်ရုံပေါင်း ၄၀၀ နီးပါးမှာ အလုပ်သမားပေါင်း ၃ သိန်းခွဲကို အလုပ်ပေးထားနိုင်တာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ တရုတ်နိုင်ငံမှာ လုပ်အားခ ဈေးမြင့်လာတာကြောင့် လာမည့်နှစ်များမှာလည်း အထည်ချုပ်လုပ်ငန်း အလားအလာကောင်းနေပါတယ်။ မြေငှားရမ်းခကို သာ သက်သာအောင်လုပ်ပေးနိုင်ရင် ဒါထက်ပိုအဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်ဟာ အထည်ချုပ်လုပ်ငန်းက ဒေါ်လာ ၃ ဘီလီယံလောက်ရနေတာ ဖြစ်ပါတယ်။ တရုတ်ပြည်ရဲ့ စီးပွားရေးမှာလည်း ၁၉၈၀ လောက်တုန်းက အထည်ချုပ်လုပ်ငန်းနဲ့ပဲ စခဲ့တာသိဖို့လိုပါတယ်။ တရုတ်စီးပွားရေးဟာ တံခါးဖွင့်ပေါ်လစီကို ၁၉၇၈ ခုနှစ်လောက်က စခဲ့တာ ဖြစ်ပေမယ့် ၁၉၉၀ လောက်အထိ မည်မည်ရရ တိုးတက်လာတာ မဟုတ်ပါဘူး။ အဲဒီအချိန်က တရုတ်ပြည်ဟာလည်း ယခုမြန်မာနိုင်ငံလိုပါပဲ။ ဈေးကွက်စီးပွားရေးနဲ့ ကိုက်ညီအောင် အင်စတီကျူးရှင်းတွေ ပြုပြင်ရတာ၊ ဘဏ်စနစ်တွေ ပြုပြင်ရတာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဆွဲဆောင်ရတာ အများအပြား ပြုလုပ်ခဲ့ရတာ ဖြစ်ပါတယ်။ တရုတ်စီးပွားရေး တိုးတက်မှုမှာ နိုင်ငံရေးတည်ငြိမ်မှုနဲ့ ပေါ်လစီတစ်သမတ်တည်းဖြစ်မှုက အတော်အရေးပါတာ ဖြစ်တယ်။

**တာဝန်ခံမှုအပိုင်းတွေ သဘောပေါက်နားလည်ဖို့လို**

မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်း တုံ့ဆိုင်းသွားမှုဟာ ပေါ်လစီတစ်သမတ်တည်း မရှိမှုကြောင့် ဖြစ်ပါတယ်။ ဒါကလည်း လုပ်ငန်းခွင်စနစ်များ၊ ကန်ထရိုက်ချထားမှုစနစ်များ၊ စည်းပျက်၊ ကမ်းပျက် ဖြစ်လွန်းနေတာတွေကို တည့်မတ်ရာကဖြစ်လာတာပဲ ဖြစ်တယ်။ ယခုစည်းစနစ်တကျလုပ်ကိုင်မှု အနည်းငယ် တိုးတက်လာပြီး လုပ်ငန်းပြန်လည် လည်ပတ်နေပြီလို့ ဆိုရမှာပါ။ ဆောက်လုပ်ရေးမှာ ထူးခြားတာက တင်ဒါစနစ်တွေနဲ့ ပတ်သက်လို့ ပွင့်လင်းမြင်သာမှုရှိတဲ့ဘက်ကို ပြောင်းလာခဲ့တာပါ။ အခု ကုမ္ပဏီငယ်များဟာ အရင်တုန်းက လုပ်ငန်းတွေ အမြဲလက်ဝါးကြီးအုပ် ရယူထားလေ့ရှိတဲ့ ကုမ္ပဏီကြီးတွေထံက တစ်ဆင့်သာ ကန်ထရိုက်ရတာမျိုးမဟုတ်ဘဲ သင့်တင့်တဲ့ ငွေကြေးနဲ့ လုပ်နိုင်တဲ့အရည်အချင်းရှိရင် လုပ်ငန်းတွေရရှိနိုင်တာ ဖြစ်ပါတယ်။ အရင်က ချောင်ချောင်ရနေသူတွေ အခုမရနိုင်တော့ပါဘူး။ ဒါကြောင့် လုပ်ငန်းမကောင်းဘူးဆိုတဲ့ အသံတွေက အဲဒီဘက်က ထွက်လာတာ များပါတယ်။ ဒါပေမယ့် အခုကျောင်းဆောက်ခွင့်၊ အိမ်ဆောက်ခွင့်ရကြတဲ့ ကုမ္ပဏီငယ်အချို့ဟာ အရည်အသွေးထိန်းသိမ်းမှု အလွန်ညံ့ဖျင်းတဲ့အတွက် အချို့လုပ်ငန်းတွေ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြန်အပ်ရတဲ့ သဘောဖြစ်လာပါတယ်။ ဒါကတော့ အခွင့်အလမ်းနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွေကို သဘောပေါက်နားလည်ဖို့ လိုနေသေးတယ်ဆိုတာကိုပြတာပဲ ဖြစ်ပါတယ်။

**စီးပွားရေးတက်လာစရာရှိ**

နယ်စပ်ကုန်သွယ်ရေးတွေက အထူးကောင်းမွန်နေပါတယ်။ မူဆယ်မှ တစ်ဖက်နိုင်ငံသို့ ဆန်တန်ချိန် ၇ သိန်းလောက်ပို့ပြီး တင်ပို့နိုင်တယ်လို့ ဆိုပါတယ်။ ပင်လယ်ရေကြောင်းကပို့တာ တန်ချိန် ၉ သိန်းကျော် ရှိပါတယ်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဇန်နဝါရီ ပထမပတ်အထိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏဒေါ်လာ ၆ ဘီလီယံကျော် ရရှိထားတယ်။ ပို့ကုန်မှ ၃.၉ ဘီလီယံနဲ့ သွင်းကုန်မှ ၂. ၁ ဘီလီယံကျော် ဖြစ်ပါတယ်။

ခြုံလိုက်ရင် ကမ္ဘာ့စီးပွားရေးကလည်း ၃ ရာခိုင်နှုန်းလောက်အထိတက်မယ်လို့ ခန့်မှန်းတာဖြစ်တယ်။ အာဆီယံစီးပွားရေးကတော့ ၂၀၁၇ မှာ ၄.၈ ရာခိုင်နှုန်းတိုးတက်ခဲ့တယ်။ ၂၀၁၈ မှာ ၅ ရာခိုင်နှုန်းအထိ တိုးတက်မယ်လို့ ပညာရှင်များက တွက်ဆတာဖြစ်တယ်။ မြန်မာ့စီးပွားရေးကလည်း IMF ရော၊ ကမ္ဘာ့ဘဏ်ရော ခန့်မှန်းချက်များအရ ၀.၃ ရာခိုင်နှုန်း ထပ်တက်ဦးမယ်လို့ ခန့်မှန်းကြတာ ဖြစ်တဲ့အတွက် မူလ ၆.၄ ရာခိုင်နှုန်းလောက်ကနေ ၆.၇ ရာခိုင်နှုန်းလောက်အထိ ဖြစ်လာစရာရှိပါတယ်။ ဒါကြောင့် အရပ်ရပ်ခန့်မှန်းချက်တွေနဲ့ လက်တွေ့မြေပြင်အခြေအနေများအရ မြန်မာ့စီးပွားရေးဟာ ၂၀၁၇-၁၈ မှာ အလားအလာကောင်းနေတာကို တွေ့ရမှာပါ။ ပြည်တွင်းစစ်နဲ့ ရခိုင်ပြဿနာသာ ဒါထက် မကြီးထွားလာဘူးဆိုရင် ခန့်မှန်းကြတဲ့ အညွှန်းကိန်းများအတိုင်း စီးပွားရေး တက်လာစရာရှိကြောင်း တင်ပြရတာဖြစ်ပါတယ်။

**၁၃-၂-၂၀၁၈ ရက်နေ့ထုတ် ပြည်သူ့အရေးဂျာနယ်ပါ ဆောင်းပါးကို ဂျာနယ်နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။**

# ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်းငါးခုအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဖြေကြားခဲ့ပြီး ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်းနှင့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

### သမ္မန်စာအတည်ပြုနိုင်ရေး

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားရုံးများသို့ တရားစွဲဆိုတင်ပို့သည့် အမှုများတွင် အထက်အဆင့်ဆင့်က ကြပ်မတ်ပေးရန်နှင့် ခေတ်နှင့်လျော်ညီသည့် သမ္မန်စာဆင့်ဆိုနည်းကို သုတေသနပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားရုံးများသို့ တရားစွဲတင်ပို့သည့် အမှုများတွင် တရားရုံးသည် သမ္မန်စာအတည်ပြုနိုင်ရေးအတွက် တရားလိုနှင့် သက်သေများ သက်သေခံလာရောက်စေရန် အမှုပထမရက်ချိန်းတောင်း ပုံစံ ၁၀၄ နှင့် သမ္မန်စာတို့အား သက်ဆိုင်ရာရဲစခန်းမှူးထံ ပေးပို့ဆောင်ရွက်စေပါကြောင်း၊ သက်ဆိုင်ရာရဲစခန်းမှူးသည် သမ္မန်စာအား သက်ဆိုင်ရာနယ်မြေ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လည်းကောင်း၊ သီးခြားတာဝန်ပေးထားသည့် ရဲတပ်ဖွဲ့ဝင်များအား လည်းကောင်း အချိန်မီ သမ္မန်စာချအပ်နိုင်ရေး တာဝန်ပေးဆောင်ရွက်ရပါကြောင်း။

ယင်းသို့ဆောင်ရွက်ရသည့် တပ်ဖွဲ့ဝင်များအနေဖြင့် သက်သေများနေထိုင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ သမ္မန်စာချအပ်ရမည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ပြီး မိတ္တူတစ်စောင်ကို တရားရုံးသို့ ရုံးချိန်းရက်အမီ ပြန်လည်တင်သွင်းရပါကြောင်း၊ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များအား သမ္မန်စာများ ရုံးချိန်းရက်အမီ အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အကြောင်းမဲ့ ပျက်ကွက်ခြင်း၊ ပေါ့လျော့စွာဆောင်ရွက်ခြင်းများ မရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရေးနှင့် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှရရှိစေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အပါအဝင် တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအကျိုးဆောင်များ၊ အုပ်ချုပ်ရေးအဖွဲ့များကလည်း မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် တရားရုံးများကထုတ်ဆင့်သည့် သမ္မန်စာများကို သက်သေများထံ ရုံးချိန်းအမီ ဆင့်ဆိုနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရုံးတွင် ရဲတပ်ဖွဲ့ဝင်များ သက်သေခံရန် ပျက်ကွက်မှု မရှိစေရေးအတွက် အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

### အချိန်ကုန်၊ ငွေကုန် သက်သာစေရန်

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး (ခ)ဒေါ်မေစိုး၏ **ဗဟန်းမြို့နယ်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အမျိုးအစားခုနစ်မျိုးခွဲခြား၍ တိုကင်စနစ်ဖြင့် ဆောင်ရွက်ပေးရန်၊ လာရောက်ဆောင်ရွက်သူများအား မှတ်ပုံတင်မှုရင်း၊ အိမ်ထောင်စုဇယား မှန်ကန်ပါက ရုံးတွင်းဝင်ရောက်ဆောင်ရွက်ရာတွင် နေရာအခက်အခဲမရှိ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ယခင်က ရန်ကုန်မြို့၌သာ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာမှ နိုင်ငံသားများအား အချိန်ကုန်၊ ငွေကုန် သက်သာစေရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးနိုင်ရေးရုံးခွဲ မန္တလေးကို တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့ပြင် နိုင်ငံကူးလက်မှတ်လျှောက်ထားသူများ ပိုမိုလွယ်ကူ အဆင်ပြေစေရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ ရုံးခွဲ ၁၅ ရုံးအား ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံကူးလက်မှတ် လျှောက်ထားသူများ လွယ်ကူအဆင်ပြေစေရေးအတွက် ပညာရေးထောက်ခံချက်၊ အမြတ်အခွန်ပုံစံ ၁၉၊ အသင်းအဖွဲ့အစည်းအရုံး ထောက်ခံချက်များအား ဖြေလျှော့ပေးခဲ့ပြီး ရဟန်းသံဃာ သီလရှင်များအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထောက်ခံချက်အစား မြို့နယ်သံဃနာယကအဖွဲ့၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ စာအုပ်ထုတ်ယူရန် မူလ ၂၁ ရက် သတ်မှတ်ထားရာမှ ၁၀ ရက်သို့လည်းကောင်း ဖြေလျှော့ပေးခဲ့ပါကြောင်း။



ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး

Biometric System ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားရာ၌ တစ်ဦးချင်းစိစစ်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ထိုက်သင့်သည့် အချိန်ကြန့်ကြာမှု ရှိနိုင်ပါကြောင်း၊ ထိုသို့ တန်းစီစောင့်ဆိုင်းနေရသူများ လျော့နည်းစေရန်နှင့် အချိန်တို

**❖ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် တရားရုံးများက ထုတ်ဆင့်သည့် သမ္မန်စာများကို သက်သေများထံ ရုံးချိန်းအမီ ဆင့်ဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

**❖ တရားရုံးတွင် ရဲတပ်ဖွဲ့ဝင်များ သက်သေခံရန် ပျက်ကွက်မှု မရှိစေရေးအတွက် အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိ**

အတွင်း ပြီးပြတ်စေရန်အတွက် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ကောင်တာခုနစ်ခုရှိရာမှ ကောင်တာ ၁၂ ခုထိလည်းကောင်း တိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားသူများကို ငွေကြေးလိမ်လည်မှု မရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ပူးပေါင်းအဖွဲ့များဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

### မူးယစ်ဆေးစွဲရောဂါလူနာများ ကုသပေး

မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၏ **မိုးညှင်းမြို့နယ်တွင် လိုအပ်လျက်ရှိသော မက်သာဒုန်း တိုက်ကျွေးရေးဌာနကို တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မူးယစ်ဆေးစွဲလူနာများအတွက် မက်သာဒုန်းဆေးခန်း ၁၅ ခု ဖွင့်လှစ်ထားရှိပြီး မိုးညှင်းခရိုင်အတွင်း မိုးညှင်းပြည်သူ့ဆေးရုံနှင့် ဟိုပင်ပြည်သူ့ဆေးရုံတို့တွင် မက်သာဒုန်းဆေးခန်းများ ဖွင့်လှစ်၍ မူးယစ်ဆေးစွဲရောဂါလူနာများကို ကုသပေးလျက် ရှိပါကြောင်း၊ မိုးညှင်းပြည်သူ့ဆေးရုံနှင့် ဟိုပင်ပြည်သူ့ဆေးရုံတို့မှ မက်သာဒုန်းဆေးရည် သောက်သုံးသူများအတွက် မက်သာဒုန်းဆေးခန်းများကို နမ္မားတိုက်နယ်ဆေးရုံနှင့် နန့်မွန်းတိုက်နယ်ဆေးရုံတို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့များတွင် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး သင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားမြို့၌ မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ထားရှိခြင်း၊ သင်တန်းဆင်းပြီး ပြန်လည်ထူထောင်မှု ခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်ရန် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများကို ဖွင့်လှစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် မိုးညှင်းမြို့နယ်၌ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့ပြင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မြို့နယ်မှူးရုံးအပါအဝင် ရဲစခန်းများ၊ ရဲကင်းများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၏ **ညောင်လေးပင်မြို့နယ်တွင် မီးသတ်တပ်ဖွဲ့စခန်း(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

### ဖတ်ကြားရှင်းလင်း

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း”**အား လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအစီရင်ခံစာကို ကော်မတီဝင် ဦးနေမျိုးထွန်းက ဖတ်ကြားရှင်းလင်းသည်။

အဆိုပါဥပဒေကြမ်းကို “အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးကို ဆောင်ရွက်နိုင်ရန်၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ရရှိရန်၊ လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ်ပေးရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိစေရန်”ဆိုသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

**ကျော်သူထက်(သတင်းစဉ်)**

# စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည်လည်း အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း(ASEAN Economic Community)တွင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ AEC ၏အောက်တွင် အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီ(ACCP) ကို ဖွဲ့စည်းထားပြီး မဟာဗျူဟာလေးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စားသုံးသူအကျိုးစီးပွားနှင့် ထိခိုက်နစ်နာမှုများကို ကာကွယ်ရေးအတွက် ဥပဒေနှင့်အညီ “စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့”များကို တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အဆင့်အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC)များ ဖွင့်လှစ်ကာ စားသုံးသူတိုင်ကြားမှုများကို လက်ခံဆောင်ရွက်ဖြေရှင်းပေးလျက် ရှိပါကြောင်း။

ထို့အပြင် စားသုံးသူပြည်သူများကို ပိုမိုထိရောက်စွာကာကွယ်နိုင်ရန် ရည်ရွယ်၍ စားသုံးသူကာကွယ်ရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲပြီး အဆင့်ဆင့်တင်ပြဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ကုန်စည်များနှင့်ပတ်သက်သည့် နစ်နာမှုများကိုအဓိကထား၍ တိုင်ကြားမှုများရှိသော်လည်း လက်ရှိကာလတွင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုတိုင်ကြားလာကြောင်း၊ အထူးသဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရုပ်သံလိုင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချပြီး ပစ္စည်းအပေါ် အာမခံချက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ တိုင်ကြားမှုများရှိလာပါကြောင်း၊ ယခုကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ စားသုံးသူဆိုင်ရာအခွင့်အလမ်းများ ပိုမိုရရှိခံစားနိုင်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အရည်အသွေးကောင်းမွန်၍ လုံခြုံစိတ်ချရသော ကုန်စည်များကို ထုတ်လုပ်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းဌာနအလိုက်၊ ဒေသအလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **သတင်းစဉ်**

# ချင်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ၄၃၆၄ ဒသမ ၁၁၄ သန်းဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း သုံးခုကို နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးဝေ့တင်း၏ **ပလက်ဝမြို့နယ် တို့ကင်းဝ ကျေးရွာနှင့် ဘောင်ကူးကျေးရွာအကြား (ပလက်ချောင်း) လူကူးကြိုးတံတား အရှည်ပေ ၃၂၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ၄၃၆၄ ဒသမ ၁၁၄ သန်းဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းကြိုးတံတားနှင့် စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင်သာ လျာထားပေးနိုင်မည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ဟရင်းထန်း - ဝေါ်တီး - ကေလုံ - ဘလေး - လုံငိုး ဆိုင်ကယ်လမ်းအား ၁၈ ပေအကျယ် ကားလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဖောက်လုပ်ပေးရန် အစီ အစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုံငိုး-ဘလေး-ဝေါ်တီးအကြား မြေလမ်း ၁၁ မိုင် လမ်းတာချဲ့ခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ရန်ပုံငွေ ၉၄ ဒသမ ၀၅၀ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော ဂရေစီနှင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ လက်ရှိအနေအထားတွင် လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါ်ခင်ဆွေလွင်၏ **ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုခြင်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ကန်ပက်လက်မြို့နယ် ကျင်ဒွေးရွာနှင့် ဟုတ်ပုံကျင်းကျေးရွာကြားရှိ ခံနိုင်ဝန် ၁၃ တန်နှင့်အထက် ပေ ၃၀၀ ရှိသော ဘေလီတံတားကို လည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းအတွက် ပေ (၄၀၀ × ၁၂)ရှိ လမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် သင်တန်းကျောင်း အဆောက်အအုံများရှိ မီးကြိုးအသစ် လဲလှယ်တပ်ဆင်ခြင်းတို့ကို လည်းကောင်း၊

> “ လုံငိုး-ဘလေး-ဝေါ်တီးအကြား မြေလမ်း ၁၁ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ရန်ပုံငွေ ၉၄ ဒသမ ၀၅၀ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော ဂရေစီနှင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ လက်ရှိအနေအထားတွင် လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ် ”



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်

အိမ်တွင်းမှုသင်တန်းကျောင်းအတွက် ပေ (၅၀၀ ×၁၂)လမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လည်းကောင်း စုစုပေါင်း ကုန်ကျငွေကျပ် ၄၇၃ ဒသမ ၈၃၆ သန်းဖြင့် ကန်ပက်လက်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ငန်းမဆောင်ရွက်မီ သက်ဆိုင်ရာ ပါဝင်ထိုက်သူများသို့ ချပြရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနမှ ပင်မစီမံကိန်းများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များ၊ လွှတ်တော်၏ ကတိကဝတ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း၍ နှစ်အလိုက် ရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရန်ပုံငွေလျာထားမှုကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသားဘဏ္ဍာရေးကော်မရှင်၊ ဘဏ္ဍာငွေစိစစ်ရေးကော်မတီသို့ စိစစ်အတည်ပြုချက် ရယူပြီး လွှတ်တော်သို့ တင်ပြပါကြောင်း၊ သဘောထားအတည်ပြုချက်ရယူပြီးမှသာ အကောင်အထည်ဖော်ဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခေါ်

ယူ၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ဖြင့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြန့်ဝေခဲ့သည့် ဝန်ကြီးဌာနများ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီများအား Profile စစ်ဆေးခြင်း၊ BP/BQ စစ်ဆေးခြင်းဖြင့် ပွင့်လင်းမြင်သာစွာ တင်ဒါဖွင့်ဖောက်ခြင်းများကို ဆောင်ရွက်စေခဲ့ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုပြီး စနစ်တကျလုပ်ငန်း အပ်နှံဆောင်ရွက်လျက်ရှိပါကြောင်း၊

တင်ဒါအောင် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ငန်းခွင်များတွင် လုပ်ငန်းစီမံကိန်းဆိုင်ရာ အချက်အလက်များပါဝင်သည့် ဆိုင်းဘုတ်များ စိုက်ထူထားရှိခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များသာမက ပြည်သူများအားလုံး အလွယ်တကူသိရှိနားလည်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် သီးသန့်ချပြရှင်းလင်းပေးရန် အစီအစဉ် မရှိပါကြောင်း။

မုန်းချောင်းဘေလီ တံတားကို သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးထားခြင်းရှိ၊ မရှိနှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကျေးရွာချင်းဆက်တံတားပုံစံ သတ်မှတ်ချက်အရ ပေ ၁၀၀ အခန်းဖွဲ့အတွက် တစ်လွှာတစ်ထပ်အားဖြည့် သံပေါင်တစ်ချောင်းဘေလီတံတား (SSR1) အမျိုးအစားတွင် ခံနိုင်ဝန် ၁၂ ဒသမ ၅ တန်ဖြစ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် အဆိုပါ တံတားတည်ဆောက်ရာတွင် အားဖြည့်သံပေါင်နှစ်ချောင်း (SSR2) ဖြင့် တည်ဆောက်ထားသောကြောင့် ခံနိုင်ဝန် ၁၃ တန်နှင့်အထက်ဖြစ်သော်လည်း ကန်ပက်လက်မြို့နယ် တည်ဆောက်မှုကြီးကြပ်ရေးကော်မတီ၏ တင်ပြချက်အရ ခံနိုင်ရည် ခြောက်တန်သာ သတ်မှတ်ပေးထားခြင်း ဖြစ်ပါကြောင်း။

မူချိန်းဒိန်းရှင်ဘောင်လမ်းခွဲမှ မုလောင်းရွာအထိ မြေပြိုဖယ်ခြင်းလုပ်ငန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းမဟုတ်ပါကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်အကြောင်းကြားပေးသွားမည် ဖြစ်ပါကြောင်း။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ
ဦးလားလ်မင်းထန်

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းများကို စာချုပ်စာတမ်းပါအတိုင်း တာဝန်ယူရမည့် ကုမ္ပဏီများအားလုံးက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ မည်သည့်အချိန်တွင် အပြီးဆောင်ရွက်မည့် အစီအစဉ် အကယ်၍ ဆောင်ရွက်ခြင်းမရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကိုသိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် လုပ်ငန်းများမှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် တာဝန်ယူသည့် ကုမ္ပဏီများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများသို့ တင်ပြ၍ သက်ဆိုင်ရာ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှတစ်ဆင့် ဝန်ကြီးဌာနများသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ရာသီဥတုဆိုးရွားသော အခြေ အနေကြောင့် ဖြစ်စေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အခြေအနေကြောင့် ဖြစ်စေ၊ နယ်မြေမတည်ငြိမ်မှုကြောင့် ဖြစ်စေ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်များဖြစ်ပေါ်သည့် အချိန်မှ တစ်လအတွင်း မိမိဝန်ကြီးဌာနသို့ တင်ပြ၍ ဝန်ကြီးဌာနမှ လက်ခံအတည်ပြုပြီးပါက လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပြတ်တောက်ကာလအပိုင်းအခြားအားလုပ်ငန်းဆောင်ရွက်သူကို သက်သာခွင့်ပြုနိုင်ပြီး သတ်မှတ်ထားသော ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက နောက်ကျဒဏ်ကြေးအဖြစ် တစ်ရက်လျှင် ၀ ဒသမ ၀၁ ရာခိုင်နှုန်းကို သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်းရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်ပါသည့် အစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်လွင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

**အဆုံးအဖြတ်ရယူ**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါ်မြတ်သီတာထွန်းက ထောက်ခံသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါ်မြတ်သီတာထွန်းက ထောက်ခံသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒလမြို့နယ်တွင် ဖြစ်ပေါ်သည့်ဓာတ်ငွေ့မှာ ဇီဝဓာတ်ငွေ့သာဖြစ်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တယောတန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၁၀၁ လယ်မြေအတွင်း ရေတုံကင်တွင်းတူးဖော်ရာမှ ဓာတ်ငွေ့စိမ့်ထွက်မှုအား သွားရောက်လေ့လာခဲ့ရာ ဇီဝဓာတ်ငွေ့ထွက်ရှိခြင်းဖြစ်ကြောင်း ယနေ့ကျင်းပသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲမှ သိရှိရသည်။

လယ်ပိုင်ရှိ ဦးစိုးသိန်း(ရွာတန်းရှည် ကျေးရွာအုပ်ချုပ်ရေးမှူး) ပိုင်ဆိုင်သည့် လယ်မြေအတွင်း လယ်ကွက် လယ်ကန်သင်းပေါင်ပေါ်တွင် လယ်မြေများ ရေသွင်းရန် ဇန်နဝါရီ ၂၃ ရက်က အချင်း ၁ ဒသမ ၅ လက်မရှိ ရေတုံကင်တွင်းကို လက်ရိုက်တူးဖော်ခဲ့ရာ အနက် ၄၅ ပေခန့်အရောက် တွင်းအတွင်းမှ ဓာတ်ငွေ့များ လေးပေအထိ မြင့်တက်ပန်းထွက်လာခဲ့ခြင်းကြောင့် တွင်းတူးဖော်ခြင်းကို ရပ်ဆိုင်းခဲ့ရာ ဓာတ်ငွေ့များ အဆက်မပြတ် ဆက်လက်ထွက်ပေါ်နေပြီး အနံ့များလည်း ထွက်နေကြောင်း၊ တွင်းပေါက်ဝမှ ဓာတ်ငွေ့များစထွက်ပေါ်ချိန် အသံများလည်း ကြားရပြီး နောက်ပိုင်းတွင် မီးရှို့ကြည့်ရာ လိမ္မော်ရောင်မီးတောက်များ ထွက်ရှိကြောင်း၊ အန္တရာယ်မဖြစ်စေရေးအတွက် တွင်းအား ရွှံ့နှစ်များ၊ မြေစာခဲများဖြင့် ပိတ်ဆို့ထားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ နေရာအနီးတစ်ဝိုက်တွင် ရေတုံကင်တွင်းများ အနက် ပေ ၁၈၀မှ ၂၀၀ အထိ တူးဖော်ခဲ့သော်လည်း ယခုကဲ့သို့ ဓာတ်ငွေ့မထွက်ကြောင်း သိရသဖြင့် ဓာတ်ငွေ့စိမ့်ထွက်ရာနေရာများသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သုတေသနအရာရှိ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ဓာတ်ငွေ့စိမ့်ထွက်သည့် နေရာသည် ဘူမိအနေအထားအရ ဝိုက်ခွါချိုင့်အတွင်း ကျရောက်နေသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ ခိုအောင်းနိုင်မှုနှင့် မဆက်စပ်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသမှ မြစ်ချောင်း၊ အင်းအိုင်၊ မြစ်ကျိုးအင်းများတွင် သစ်ရွက်သစ်ဆွေးများ အနည်ကျပို့ချသဖြင့် ဖြစ်ပေါ်လာသည့် ဇီဝဓာတ်ငွေ့များသာဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရကြောင်း သိရှိရသည်။

“အများပြည်သူကိုလည်း အသိပေးရှင်းလင်းပေးခဲ့ပြီး ဖြစ်ပါတယ်၊ ဓာတ်ငွေ့ထွက်ရှိတဲ့ တွင်းအနီးမှာ ဆေးလိပ်မသောက်ကြဖို့ ကျွဲ နွား တိရစ္ဆာန်တွေကို တွင်းအနီးမှာ မလွှတ်ကျောင်းကြဖို့နဲ့ တွင်းပေါက်ဝကို မီးမရှို့ဖို့၊ ထူးခြားချက်တွေ ရှိရင်လည်း သက်ဆိုင်ရာကို အကြောင်းကြားဖို့ မှာကြားထားတယ်”ဟု သတင်းစာရှင်းလင်းပွဲအတွင်း တာဝန်ရှိသူက ပြောကြားသည်။

**ခင်ရတနာ**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

*၁၅-၂-၂၀၁၈ ရက်မှအဆက်*

၁၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် ပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ပေးခြင်းကိုသော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၁၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) ၏နောက်တွင် ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(င) ပြစ်မှုနှင့်သက်ဆိုင်သည့်မှတ်တမ်းများကို ဆက်သွယ်ရေးလုပ်ငန်းများထံမှ ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်း။"

၁၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၄ ၏ နောက်တွင် ပုဒ်မ ၁၄-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၄-က။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပြစ်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သည့်အမိန့်ရရှိလျှင် ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သော မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရမည်။"

၁၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း (၇) ၏နောက်တွင် အခန်း (၇-က)၊ အခန်းခေါင်းစဉ် နှင့် ပုဒ်မ ၁၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း (၇-က)**

**လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း**

၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ) အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်း သဘောမသက်ရောက်သည့် သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်လျက် တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၂၄၀ မှ အများဆုံး နာရီ ၃၆၀ အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ကိုင်ဆောင်ရွက်ရမည်။"

၁၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း (၈)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းတွင်ပါရှိသော မူလဥပဒေပုဒ်မ ၁၅ ကို ပယ်ဖျက်ရမည်။

၂၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများ သို့မဟုတ် ယင်းသို့ ထုတ်လုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းကိရိယာများကို ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊"

၂၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၇-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၇-က။ ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ဗဟိုအဖွဲ့က ထုတ်ဆင့်သည့်အမိန့်ရရှိပြီးနောက် ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရန် ငြင်းဆန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၃ တွင်ပါရှိသော "ယခင်က ယင်းပြစ်မှုဖြင့်" ဆိုသည့်စကားရပ်ကို "ယခင်က ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ခုခုဖြင့်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) ပုဒ်မ ၁၅ မှအပ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်း ကျော်စောသတင်းရှိသူအား သုံးနှစ်ထက်မပိုသောကာလအတွင်း ကောင်းမွန်စွာနေထိုင်စေရန် ခံဝန်ချုပ်ချုပ်ဆိုစေရမည်။"

၂၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း (၈) ၏ နောက်တွင် အခန်း (၈-က)၊ အခန်းခေါင်းစဉ်၊ ပုဒ်မ ၂၅-က၊ ၂၅-ခ နှင့် ၂၅-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း (၈-က)**

**ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂၅-က။ ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်-

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေ ခွဲဝေချထားပေးငွေနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်းသောငွေကြေးများဖြင့် ရန်ပုံငွေထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင်များက လှူဒါန်းသောပစ္စည်းများကို လက်ခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၂၅-ခ။ ဗဟိုအဖွဲ့သည်-

(က) ပြည်ထောင်စုဘဏ္ဍာခွင့်ပြုငွေမှအပ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စေတနာရှင်များလှူဒါန်းထားသော ပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း လုပ်ထုံး လုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ရန်ပုံငွေမှ အရအသုံးဆိုင်ရာစာရင်းဇယားများကို ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးခြင်းကို ခံယူရမည်။

၂၅-ဂ။ (က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေး၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲ (က) အရ ပေးသွင်းခဲ့သည့် ရန်ပုံငွေ၏ ရာခိုင်နှုန်းတစ်ရပ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သည်။"

၂၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၆ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဃ) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

" (ဃ) ပုဒ်မခွဲ (က) နှင့် (ခ)တို့ပါ မူးယစ်ဆေးဝါးနှစ်မျိုးပေါင်းသည် သုံးဂရမ်၊

(စ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊"

(ဂ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

" (ဇ-၁) စိတ်ကြွရူးသွပ်ဆေးဖြစ်ပါက သုံးဂရမ်၊

(ဇ-၂) မက်အက်ဖီတမင်း ဟိုက်ဒရိုကလိုရိုက် (အိုက်စ်) ဖြစ်ပါက သုံးဂရမ်၊

(ဇ-၃) အက်ဖီဒရင်း သို့မဟုတ် ဆူဒိုအက်ဖီဒရင်းဖြစ်ပါက သုံးဂရမ်၊"

၂၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ ဗဟိုအဖွဲ့၏ ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။"

၂၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အရည်အချင်းရှိတဲ့ လူငယ်ခေါင်းဆောင်တွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပိုမိုဆောင်ရွက်နိုင်ဖို့ လမ်းပြပေးနိုင်ခဲ့

**တွေ့ဆုံမေးမြန်း - ဦးလတ် (ကင်းထောက်ကြီး)**

*ဖေဖော်ဝါရီ ၁၃ ရက်မှ အဆက်*

**Mr.J. Rizal C. Pangilinan**
**ညွှန်ကြားရေးမှူး**
**အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့**

ကင်းထောက်လုပ်ငန်းတွေဟာ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ မှာ အောင်မြင်စွာ လှုပ်ရှားနေပါတယ်။ အခု ကင်းထောက်မောင်မယ်တွေဟာ မြန်မာနိုင်ငံ ကင်းထောက်များသာမဟုတ်ဘဲ ကမ္ဘာ့ကင်းထောက်ရဲ့ အစိတ်အပိုင်း ဖြစ်လာပါတယ်။ ကင်းထောက်ဘဝကို မြတ်မြတ်နိုးနိုးခံယူကြရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ ထင်ရှားခဲ့သူတွေမှာ ကင်းထောက်ကြီးတွေ ပါဝင်တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နမူနာအဖြစ် လကမ္ဘာကို ခြေချခဲ့သူ အာကာသသူရဲကောင်း အမ်းစထရောင်းဟာ သူ့ရဲ့ အာကာသဝတ်စုံမှာ ကင်းထောက်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကင်းထောက်တံဆိပ်ကို တပ်ဆင်ထားပြီး လကမ္ဘာကိုခြေချစဉ် "Eagle has Landed" ဟူ၍ ကြွေးကြော်ခဲ့ပါတယ်။ အကြောင်းကသူဟာ ကင်းထောက်ဖြစ်ခဲ့စဉ်အခါက ကျွမ်းကျင်မှုအမြင့်ဆုံး Eagle Scout ဖြစ်ခဲ့တဲ့အတွက် ဂုဏ်ယူစွာနဲ့ ကြွေးကြော်ခြင်းဖြစ်ပါတယ်။ ကမ္ဘာ့အဖွဲ့အစည်းအသီးသီးမှာ ကတိခံယူရာမှာ ကျွန်ုပ်၏ ဂုဏ်သိက္ခာကို ပထနာပြုရန်ဟူ၍ ခံယူတဲ့ အဖွဲ့အစည်းက ကင်းထောက်အဖွဲ့အစည်းတစ်ခုသာရှိပါတယ်။

**Mr.S.Prassanna Shrivastava**
**ညွှန်ကြားရေးမှူး**
**အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့**

မြန်မာနိုင်ငံမှာ လာရောက်သင်တန်းပို့ချတဲ့ ရည်ရွယ်ချက်ကတော့ ဒေသတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မြှင့်တင်ပေးမယ့် လူငယ်ခေါင်းဆောင်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးကို တိုးတက်လာအောင် လေ့ကျင့်သင်ကြားပေးတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ဘာလဲဆိုတဲ့ အသိပညာ၊ ဗဟုသုတနဲ့ အရည်အသွေးတွေ ရရှိအောင်၊ နောက်ပြီး လူငယ်တွေအနေနဲ့ နိုင်ငံ့သားကောင်းတွေအဖြစ် တာဝန်ယူ လုပ်ဆောင်နိုင်အောင်လို့ နှိုးဆော်တိုက်တွန်းပေးခြင်းပဲ ဖြစ်ပါတယ်။

သင်တန်းအပေါ် ထင်မြင်ချက်ကို ပြောရမယ်ဆိုရင် အရည်အချင်းရှိတဲ့ လူငယ်ခေါင်းဆောင်တွေကို ဒီသင်တန်းပြီးတဲ့အခါမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပိုမိုဆောင်ရွက်နိုင်ဖို့ လမ်းပြပေးနိုင်ခဲ့တဲ့အပြင် ပိုမိုများပြားသော ဒေသတွင်းမှာ လူငယ်တွေကို တာဝန်ယူတတ်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာနိုင်မယ့် သင်တန်းလို့ မြင်မိပါတယ်။



မပန်းမြတ်မွန်


Mr.S.Prassanna Shrivastava


Mr.J. Rizal C. Pangilinan

**မပန်းမြတ်မွန်**
**ကြက်ခြေနီတပ်စုမှူး**
**ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်**

ဒီနိုင်ငံအတွင်း ငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူး သင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်က ကျွန်မတို့ ကြက်ခြေနီအခြေခံမူ (၇) ချက်နဲ့အညီ ခွဲခြားမှုမရှိဘဲ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ ပြည်သူအားလုံး ငြိမ်းချမ်းဖို့အတွက် ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားဖို့ တက်ရောက်တာ ဖြစ်ပါတယ်။

သင်တန်းပြီးသွားတဲ့အခါမှာလည်း ရရှိလာတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အသိပညာတွေကို လက်လှမ်းမီသလောက် ကင်းထောက်ညီအစ်ကိုမောင်နှမတွေနဲ့ မြန်မာပြည်အနှံ့ပြန်လည်မျှဝေပြီး ပေးအပ်လာတဲ့ တာဝန်တွေကိုလည်း Coordinator ကောင်းတစ်ယောက်အနေနဲ့ ကျေပွန်စွာ ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

❀ *ရှေ့ဖုံးမှ*

စစ်တွေလေဆိပ် ဧည့်ခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD မှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့မှ အသင့်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်ဝင်ရောက်လာသူများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ယနေ့ သွားရောက်မည့် ခရီးစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး သံတမန်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**လွတ်လပ်စွာမေးမြန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် နိုင်ငံတကာ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ရေလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား လက်ခံနိုင်ရေးအတွက် ဖွင့်လှစ်ထားသည့် ငါးခူရ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြရာ ငါးခူရကျေးရွာသားများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတကာသံတမန် အဖွဲ့ဝင်များက သိရှိလိုသည်များကို လွတ်လပ်စွာမေးမြန်းကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ငါးခူရ ယာယီလက်ခံရေးစခန်း ရှင်းလင်းဆောင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ရေလမ်းမှ ဝင်ရောက်လာသူများအား ပြန်လည်စိစစ်လက်ခံရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ရုံးခန်းများ ဖွင့်လှစ်ထားမှုနှင့် ဝန်ထမ်းများ စုဖွဲ့ထားမှု၊ ပြန်လည်ဝင်ရောက်လာသူများ ခေတ္တတည်းခိုနေထိုင်စားသောက်ရေးအတွက် ကြိုတင်စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတကာ သံတမန်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား စစ်တွေလေဆိပ် ဧည့်ခန်းမတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် **UEHRD** မှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ငါးခူရယာယီလက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် စစ်ဆေးဆောင်ရွက်မည့် လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။



နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရေလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား လက်ခံနိုင်ရေးအတွက် ဖွင့်လှစ်ထားသည့် ငါးခူရယာယီလက်ခံရေးစခန်း၌ ဆောင်ရွက်ထားမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်



ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ဖွင့်လှစ်ထားသည့် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်း၌ ခေတ္တ တည်းခိုဆောင်များ ဆောက်လုပ်ထားမှုကို နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ငါးခူရယာယီလက်ခံရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စီစဉ်ထားမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

ငါးခူရယာယီလက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာသူများအတွက် ခေတ္တတည်းခိုဆောင်များ ဆောက်လုပ်ထားမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်





နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်တံတား၌ လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

## နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မဟာမြိုင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော် သြဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဘဒ္ဒန္တသူရိယသည် သက်တော်(၈၅)နှစ် သိက္ခာတော်(၆၅)ဝါအရ ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော်(၁၂)ရက် (၁၂-၂-၂၀၁၈) တနင်္လာနေ့ ညနေ (၁၅း၀၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မဟာမြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး ရွာသစ်အရှေ့ အောင်ဆန်းရပ်ကွက် ခမည်းတော် ဦးကျော်အေး+ မယ်တော် ဒေါ်အုန်းမြိုင်တို့မှ ၁၂၉၄ ခုနှစ် တပို့တွဲ လပြည့်ကျော်(၈)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်တွင် မဟာမြိုင် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ် ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၄ ခုနှစ်တွင် မဟာမြိုင် ကျောင်းတိုက် ခဏ္ဍာသိမ်၌ ဘဒ္ဒန္တဥက္ကံသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရ၊ အင်းစိန်မြို့နယ် မာလာရာမကွက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၊ ဘဒ္ဒန္တ ရာဇိန္ဒ၊ ပြည်မြို့ ဇောတိကာ ရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ၊ ဆရာတော် ဘဒ္ဒန္တ ဥက္ကံသ၊ ဆရာတော် ဘဒ္ဒန္တ မေဓိယ၊ ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၊ ရွှေရေး ဆောင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဏဝ စသော ဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူလေ့လာခဲ့ပါသည်။





နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား လှုဖိုးခေါင် ကြားစခန်း၌ ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ရှင်းလင်းပြောကြားစဉ်။



ငါးခူရယာယီလက်ခံရေးစခန်း၌ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို တွေ့ရစဉ်။



မောင်တောမြို့ ကညင်ချောင်း အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။



နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မောင်တောမြို့ အမှတ်(၁) နယ်စပ်ထွက်ပေါက်၌ ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၁၀ မှ*

ယင်းနောက် ငါးခူရယာယီလက်ခံရေးစခန်းအတွင်း ရုံးခန်းများ ဖွင့်လှစ်ထားမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ခေတ္တတည်းခိုဆောင်များ ဆောက်လုပ်ပြီးစီးမှုနှင့် လိုအပ်သည့် စားနပ်ရိက္ခာများနှင့် အသုံးအဆောင်များ ကြိုတင်စုစည်းထားမှုတို့ကို လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ကုန်းလမ်းမှ ဝင်ရောက်လာသူများအား လက်ခံနိုင်ရေးအတွက် ဖွင့်လှစ်ထားသည့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး တောင်ပြိုလက်ဝဲ ယာယီလက်ခံရေး စခန်းအတွင်း ရုံးခန်းများ ဖွင့်လှစ်ထားမှု၊ ပြန်လည် ဝင်ရောက်လာသူများအတွက် ခေတ္တတည်းခိုဆောင်များ ဆောက်လုပ်ပြီးစီးမှုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်တံတားတို့ကို လှည့်လည် ကြည့်ရှုကြသည်။

**ရှင်းလင်းဖြေကြား**

ထိုမှတစ်ဆင့် စိစစ်အတည်ပြုပြီး သူများ ခေတ္တခဏ တည်းခိုနေထိုင်ရန်အတွက် ဖွင့်လှစ်ထားသည့် လှုဖိုးခေါင် ကြားစခန်းသို့ ရောက်ရှိရာ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများက စခန်း တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ ဦးဆောင်သည့် အဖွဲ့သည် စခန်းအတွင်းရှိ လူနေအိမ်ဆောင်များ ဆောက်လုပ်ပြီးစီးမှုနှင့် ထောက်ပံ့ပေးမည့် စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ ကြိုတင်စုဆောင်းထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ကညင်ချောင်းအထူးစီးပွားရေးဇုန်**

မွန်းလွဲပိုင်းတွင် မောင်တောမြို့ ကညင်ချောင်း အထူးစီးပွားရေးဇုန်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စီးပွားရေးဇုန်အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် နယ်စပ်ကုန်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အထူးစီးပွားရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မောင်တောမြို့ အမှတ်(၁) နယ်စပ်ဝင်ထွက်ပေါက်သို့ ရောက်ရှိကြပြီး နယ်စပ်ဝင်ထွက်ပေါက် ဖွင့်လှစ်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မောင်တောမြို့ တည်ငြိမ်အေးချမ်းမှုနှင့် မြို့မဈေးအတွင်း လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှုကြပြီး ရောင်းချနေသည့် ပစ္စည်းများကို ဝယ်ယူအားပေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ အီဂျစ်၊ ဖင်လန်၊ ဂျာမနီ၊ အစ္စရေး၊ အီတလီ၊ ဒိန်းမတ်၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်၊ နယူးဇီလန်၊ ဘရာဇီး၊ ပိုလန်နှင့် သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ သံမှူးကြီးနှင့် သံမှူးများ၊ အတွင်းဝန်များ၊ UNDP၊ UNOCHA၊ UNICEF၊ UNFPA၊ UNHABITAT၊ WHO၊ IOM၊ ADB နှင့် UNOPS တို့မှ ကိုယ်စားလှယ်များ လိုက်ပါကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**



မောင်တောမြို့ မြို့မဈေး၌ ဖွင့်လှစ်ထားသည့် ဈေးဆိုင်ခန်းများကို နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မောင်တောမြို့ မြို့မဈေး အတွင်း ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှုကြစဉ်။

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးဂိတ်၌ ၁၂ ဘီးယာဉ်နှစ်စီးနှင့်အတူ ဆိုဒီယမ်ဆိုင်ရာနိုက်များ သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၈၀၊ သွင်းကုန် ၈၂၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၀၊ သွင်းကုန် ၁၀၉ စီး ကုန်စည်များသယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက် ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၃၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈ ဒသမ ၉၈၀ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉ ဒသမ ၉၁၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၅ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအားဖြတ်သန်းမည့် Nissan Truck ၁၂ ဘီးယာဉ်နှစ်စီးသည် မရမ်းချောင်စစ်ဆေးရေးစခန်း၌ စစ်ဆေးခံခြင်းမပြုဘဲပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသဖြင့် အကောက်ခွန်အထူးဖမ်းဆီးရေးအဖွဲ့၏ သတင်းပေးပို့ ချက်အရ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပိတ်ဆို့ရှာဖွေတားဆီးခဲ့ရာ အဆိုပါယာဉ်နှစ်စီးပေါ်တွင် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Sodium Cyanide (Black)(1×50kg)(100) Drum , Sodium Cyanide (Blue)(1×50kg)(150)Drum နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အဖွဲ့များ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရွာသားအချို့ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကွတ်ခိုင်မြို့နယ်တွင် အလုပ်လုပ်ကိုင်နေသော မိုင်းရှူးမြို့နယ်မှ ကျေးရွာသားအချို့အား ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီက လက်နက်ကိုင်အဖွဲ့များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်က ရွာသားအချို့ ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

ဖေဖော်ဝါရီ ၉ ရက်က ကွတ်ခိုင်မြို့နယ် ဖောင်းဆိုင်ရွာနေ ဦးဟွမ်ပေါက်(၄၃နှစ်)၏ ကြံခင်း၌ တဲထိုးကြံခုတ်နေသော မိုင်းရှူးမြို့နယ် ပါနိမ့်ကျေးရွာနေ အောင်ဆာ (၃၇နှစ်)ပါ ခုနစ်ဦးကို လည်းကောင်း၊ အောက်ပုန်းထွန်ရွာနေ ဦးချိန်ခိုက်(၆၀နှစ်)၏ ကြံခင်း၌ လားရှိုးမြို့နယ် သံလွင်ကျေးရွာနေ ဦးစံထွန်း(၅၀နှစ်)ပါ ငါးဦးကို လည်းကောင်း၊ မန်ခုတ်ရွာနေ ဦးအာရှန် (၄၂နှစ်)၏ ကြံခင်း၌ ကွတ်ခိုင်မြို့နယ် ပြိန်းဟွယ်ကျေးရွာနေ အောင်အမ်အော(၁၉နှစ်)ပါငါးဦးကို လည်းကောင်း၊ မန်အိုင်(တရုတ်) ရွာနေ လောက်စွာ (၂၀နှစ်)ပါ ခုနစ်ဦးကို လည်းကောင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဖမ်းဆီးခံရသူများအနက်မှ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ဦးဟွမ်ပေါက်၏ ကြံခင်း၌ ကြံခုတ်သူ မိုင်းရှူးမြို့နယ် တောင်ပေါ်ပလောင်ရပ်ကွက်နေ ဦးမြင့်သူ(၄၄နှစ်)ပါ သုံးဦး၊ ယင်းနေ့ ညနေ ၆ နာရီခွဲခန့်တွင် ဦးချိန်ခိုက်ကြံခင်းမှ ဖမ်းဆီးခေါ်ဆောင်ခံရသူ သံလွင်ကျေးရွာနေ ကျာလော (၂၁)နှစ်နှင့် မန်အိုက်(တရုတ်)ရွာမှ ဖမ်းဆီးခေါ်ဆောင်ခံရသူကွတ်ခိုင်မြို့နေ လဒီး(၂၄နှစ်)တို့သည် ၎င်းတို့နေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# လှိုင်ကော်၌ နေအိမ်တစ်လုံးမီးလောင်ရာမှ တစ်ဦးသေဆုံး

**လှိုင်ကော် ဖေဖော်ဝါရီ ၁၅**

လှိုင်ကော်မြို့ ပန်းသီရိဒေါရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၄ ရက် ည ၁၀ နာရီခွဲက မီးလောင်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်မှာ အိမ်ရှင် ဒေါ်အေးဒေ၏ အိမ်ငှား ဒေါ်ဝင်း(၅၉နှစ်)နေထိုင်သည့်အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် အနီးရှိထရံသို့ ကူးစက်လောင်ကျွမ်းသဖြင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုတွင် ရုပ်အလောင်းတစ်ခု၏ အပိုင်းအစများတွေ့ရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်အတည်ပြုချက်ရယူခဲ့ရာ ဆရာဝန်များ၏စစ်ဆေးချက်အရ အမျိုးသမီးအလောင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ဝင်း၏ သားဖြစ်သူ ဝင်းကိုကို(၁၈နှစ်) ပန်းသီရိဒေါရပ် နာနတ်တော ရပ်ကွက်နေသူအား ခေါ်ယူမေးမြန်းခဲ့ရာ ၎င်း၏မိခင် ဒေါ်ဝင်းဖြစ်ကြောင်း အတည်ပြုခဲ့သဖြင့် လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

# မူဆယ်မြို့၌ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၁၂ ဦးအား ဒဏ်ငွေငါးသိန်းစီ ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် မူဆယ်မြို့ မန့်ဝိန်းရပ် ပန်လုံ ၅ လမ်း လူကုန်ကူးခံရသူများ စောင့်ရှောက်မှုဂေဟာအနီး၌ ဇန်နဝါရီ ၂၁ ရက် ညနေ ၆ နာရီခွဲက မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မသင်္ကာဖွယ်တွေ့ရှိသော ကျန်ဆူးပြည်နယ် တုံဆိုင်မြို့နေ တရုတ်နိုင်ငံသား လျိုတုန်တုန့်(၂၅နှစ်)ပါ ၁၂ ဦးအား ဒဏ်ငွေငါးသိန်းစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၁၂ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးအဖွဲ့နှင့် ပူးပေါင်းစစ်ဆေးခဲ့ရာ မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာ စက်လှေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာကြောင်း သိရှိရသောကြောင့် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး တရားစွဲဆို တင်ပို့ခဲ့သည်။

ယင်းအမှုအား ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ်တရားရုံးမှ ဒဏ်ငွေ ငါးသိန်းစီ အမိန့်ချမှတ်ခဲ့၍ ဒဏ်ငွေပေးဆောင်စေခဲ့သည်။ ထို့ပြင် ၎င်းတို့အား ပြည်နှင်မိန့်တောင်းခံစဉ် ကာလအတွင်း မူဆယ်မြို့မရဲစခန်း၌ ချုပ်နှောင်ထားကြောင်း သိရသည်။

**ကိုရဲ**

# နဘားလမ်းဆုံတွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**အင်းတော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားလမ်းဆုံတွင် ဖေဖော်ဝါရီ ၁၅ရက် မွန်းတည့် ၁၂ နာရီက ဆိုင်ကယ်စီးနင်းလာသူထံမှ ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ ရဲအုပ်ကျော်စိုးလင်း ဦးစီးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သတင်းအရ ရွှေဘို-မြစ်ကြီးနားကားလမ်း နဘားလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ တနိုင်းမြို့ ဆင်ဆာရပ်ကွက်နေ နိုင်ဦး(၄၉နှစ်) စီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၄၈၀ )နှင့်အတူ မူးယစ်ဆေးဝါးရောင်းချရရှိငွေကျပ် ၁၀ သိန်းအား သိမ်းဆည်းရမိ၍ အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဝမ်းတွင်းမြို့နယ်၌ နွားနှစ်ကောင်ခိုးယူသူအား ဖမ်းဆီးရမိ

**ဝမ်းတွင် ဖေဖော်ဝါရီ ၁၅**

ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာနေ ဦးထွန်းနိုင်၏ ခိုင်းနွားနှစ်ကောင်ကို ခိုးယူခဲ့သူအား ဖေဖော်ဝါရီ ၁၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာနေသူ ဦးထွန်းနိုင်၏ ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်ရှိ ခိုင်းနွားနှစ်ကောင်သည် အိမ်ဝိုင်းအတွင်း ချည်နှောင်ထားစဉ် ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီခန့်က ပျောက်ဆုံးသွားသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ မြို့နယ်ရဲစခန်းမှူး ရဲအုပ်ကျော်နိုင်စိုးဦးစီးတပ်ဖွဲ့ဝင်များ၊ ဟံဇားရဲကင်းစခန်းမှူး ရဲအုပ်ထွန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့ စုံစမ်းရှာဖွေစဉ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁ နာရီခန့်က သာစည်မြို့နယ် ဝက်တိုးကျေးရွာ အဝင်လမ်းမပေါ်တွင် နိုဝင်းထွန်း (ခ)နက်တူး (၂၃နှစ်) ဖိုးဆိုး ကျေးရွာ ဝမ်းတွင်းမြို့နယ်နေသူအား ပျောက်ဆုံးသွားသည့် နွားနှစ်ကောင်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။


**ကိုရဲ**

## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အလယ်တန်းဆင့်သင် ကျောင်းအရေအတွက်




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

## စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး- GDP (ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
သတင်းအချက်အလက်ယူနစ်၊ ဗဟိုစာရင်းအင်းအဖွဲ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ် ၁/၂၀၁၈
## ၁၃၇၉ခုနှစ် တပေါင်းလဆန်း ၂ရက်
## ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သင်ကြားရေးဌာန၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီရှိ အောက်ဖော်ပြပါ ပညာဌာနများအတွက် နည်းပြရာထူး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)(၁၄)နေရာ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | နည်းပြ | ၂ | M.B.A/M.P.A, M.com/ M.Dev.S |
| ၂ | စီးပွားရေးပညာဌာန | နည်းပြ | ၂ | M.B.A/M.P.A/M.Econ(Stat)/M.Econ(Eco)/ M.P.P/M.Dev.S |
| ၃ | ဥပဒေပညာဌာန | နည်းပြ | ၂ | L.L.M |
| ၄ | လူမှုရေးသိပ္ပံပညာဌာန | နည်းပြ | ၂ | M.A (Psycho)/ M.A (IR)/ M.A (Myanmar)/ M.A (Philosophy) |
| ၅ | နိုင်ငံရေးသိပ္ပံပညာဌာန | နည်းပြ | ၂ | M.A (IR)/M.A (Hist)/M.A (Geog)/M.A (Philosophy) |
| ၆ | အင်္ဂလိပ်ဘာသာပညာဌာန | နည်းပြ | ၂ | M.A (Eng) |
| ၇ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန | နည်းပြ | ၂ | M.C.Sc/ M.I.Sc/ B.E (IT)/ M.E(IT)/ B.E (Computer Engineering & Information Technology) /B.E (Computer Engineering/ B.E (IST) |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) သတ်မှတ်ပညာအရည်အချင်းအလိုက် အနည်းဆုံးမဟာဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာအခြေခံတတ်မြောက်ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၂၈-၂-၂၀၁၈ရက်တွင် အသက် (၃၅)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက် မူရင်းပါရှိရမည်။
(စ) ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကတိဝန်ခံစာချုပ်ချုပ်ဆိုရပါမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်းတင်ပြနိုင်ရမည်)
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း **(၃လအတွင်း)**
(စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း **(၃လအတွင်း)**
(ဆ) စာမေးပွဲဝင်ကြေးငွေပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၂၁-၂-၂၀၁၈ရက်မှ စတင်၍ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၈-၂-၂၀၁၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၁၅-၃-၂၀၁၈ရက်တွင် **မြန်မာစာနှင့် အထွေထွေဗဟုသုတ၊** ၁၆-၃-၂၀၁၈ရက်တွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်။(ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၆။ စာမေးပွဲဝင်ကြေး ၁၀၀၀ိ/-အား မြန်မာ့စီးပွားရေးဘဏ်(ပြင်ဦးလွင်မြို့နယ်)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ငွေစာရင်းအမှတ် MD ၀၁၀၆၅၇ သို့ ၂၈-၂-၂၀၁၈ရက်နောက်ဆုံးထား၍ ပေးသွင်းရမည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား ၁၂-၃-၂၀၁၈ရက်မှ ၁၃-၃-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း၌ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ လူကိုယ်တိုင်သို့မဟုတ် တယ်လီဖုန်း- ၀၂-၅၀၀၀၅၊ ၀၂-၅၀၂၃၆၊ ၀၂-၅၀၂၇၃၊ ၀၂-၅၀၂၇၄နှင့် ၀၂-၅၀၂၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**



# *Happy 100th Day*

*Twincess*

**Wint Myat Thwe & Wint Myat Cheyl!**

Wishing you all the happiness in the world...

You two fulfilled the lives of *Phay Naung, May Su & Ko Ko Hein...*

Even we can't be present on your birthday, know that we are thinking of you and hoping your day is filled with lots of love and wishing you all the greatest things in life...

With heaps of love from your god parents

***Ko Kyaw Min & Dr Mon Hnin Tun (Canada)***

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကာကွယ်ဆေးများကို ရန်ကုန်မြို့ ကာကွယ်ဆေးစတိုမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကာကွယ်ဆေးသိုလှောင်ခန်းများသို့ ပို့ဆောင်ရန်အတွက် မော်တော်ယာဉ်များသုံးနှစ်စာ ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၃-၂၀၁၈ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည်(၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် လိုအပ်သော Double Walking Machine နှင့် Taiji Pusher အားကစားပစ္စည်းနှစ်မျိုးအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၃-၂၀၁၈ ရက်၊မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အမည်ပြောင်း

ဦးရန်နောင် ၁၂/သလန(နိုင်)၀၀၉၂၉၂၊ ဒေါ်သန္တာအေးအောင်တို့၏ သမီး နေပြည်တော်၊ CAE ကိုယ်ပိုင် အထက်တန်းကျောင်း ပဥ္စမတန်းမှ မဖြိုးနန္ဒာဝင်းအား မဖြိုးနန္ဒာလမင်းဟု ပြောင်းလဲခေါ်ပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၂-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂)တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းလျှောက်လွှာများ ခေါ်ယူခြင်းကြော်ငြာတွင် အမှတ်စဉ်(၁)(ခ) ယာဉ်မောင်း-၅၏ လစာနှုန်းမှာ (ကျပ် ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/9201, Toyota Hilux Surf S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၅/ခဥန(နိုင်)၀၃၆၉၇၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1A/5288၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ပဲခူး**

## လှိုင်ကော်တက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လှိုင်ကော်တက္ကသိုလ်၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်း လျှောက်ထားလိုသူများသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၁၆-၂-၂၀၁၈ရက်မှ ၂၀-၂-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်း စည်းကမ်းများကို အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၀၁၅၇၀၁၄၃၊ ၀၉-၄၂၈၀၀၄၆၆၅၊ ၀၈၃-၂၂၂၂၀၆၇တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လူပျောက်ကြော်ငြာ

ကျွန်တော်ထိုက်ကိုကိုအောင်၏ဇနီး မဥမ္မာဦး ၁၀/လမန(နိုင်)၀၀၁၀၉၄နှင့်သား မောင်ဟိန်းဇေဉာဏ်တို့သည် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ပုလဲလမ်း၊ အမှတ် ၅၅၉ (A-1)နေအိမ်မှ ၁၃-၂-၂၀၁၈ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်သွားရာ ယနေ့အချိန်အထိ အဆက်အသွယ်လုံးဝမရပါ၊ နှစ်ဖက်မိဘများလည်း စိတ်ပူနေပါသည်။ သို့ဖြစ်ပါ၍ ရောက်ရာအရပ်မှ အမြန်ပြန်လာပါရန်နှင့်လက်ခံထားသူအားလည်း တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ထိုက်ကိုကိုအောင်**
**ဖုန်း-၀၉-၉၅၃၈၀၀၈၃၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကတ္တရာ (၆၀/၇၀) ကတ္တရာအမျိုးအစား အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအစား**
၁။ ကတ္တရာ(၆၀/၇၀)

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၂-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/ အချိန်** - ၂၈-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မုံရွာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ (မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၁၀၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဘ၀မြင့်၊ လူနေရပ်ကွက်အမှတ် မလိခအိမ်ရာ၊ မြေကွက်အမှတ်(၂/၄၆+၂/၄၇)၊ ဧရိယာ (၀ဒသမ၀၇၇)ဧက၊ နှစ် ၆၀မြေငှားစာချုပ်အမည်ပေါက် ဒေါ်အေးအေးသင်းထံမှ မြေကွက်နှင့် အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်(၄၈၅/၁၈) ၁၃-၂-၁၈ တင်ပြ၍ ဦးစိုးမင်းလတ် ၁၀/မလမ(နိုင်)၀၀၂၂၇၆နှင့်ဒေါ်ချောချောလင်းစန္ဒာ ၁၂/ကတတ(နိုင်)၀၁၄၄၆၈တို့၏အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8650, Honda Insight ZE2, H/B (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆက်ပိုင် ၁၂/စခန(နိုင်)၀၆၉၀၀၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3119, Toyota Mark II 6×110, S/L (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးရဲနောင်ဦး ၁၂/ဥကတ(နိုင်)၁၇၃၄၃၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3443, Toyota Harrier ACU 30 S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးငွေအောင် ၁၂/ဗဟန(နိုင်)၀၀၉၈၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံရရှိ

**ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၅**

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံခန့်စုဆောင်း ရရှိခဲ့ပြီဖြစ်ကြောင်း ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး ဆာဘတ် အယ်လ်ခါလစ်အယ်လ်ဟာမက်က ယမန်နေ့တွင် ကျင်းပခဲ့သော အီရတ်နိုင်ငံ ပြန်လည် ထူထောင်ရေးနိုင်ငံတကာ အစည်းအဝေးပိတ်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ သည်။

ထို့အတူ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း ကုလသမဂ္ဂ အနေဖြင့် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တို နီယိုဂူတာရက်စ်ကပြောခဲ့သည်။

ယခုပြုလုပ်ကျင်းပခဲ့သော အစည်းအဝေးသို့ နိုင်ငံတွင်းနှင့် နိုင်ငံတကာအဖွဲ့ အစည်းပေါင်း ၇၆ခု၊ နိုင်ငံတကာနှင့် ဒေသတွင်းဖောင်ဒေးရှင်း ၅၁ခု၊ အင်န်ဂျီအို အဖွဲ့ အစည်းပေါင်း ၁၀၇ ခုနှင့် လုပ်ငန်းကုမ္ပဏီပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဆုံးရှုံးမှုမှာ အမေရိကန် ဒေါ်လာ ၄၅ ဒသမ ၇ ဘီလီယံခန့် ဖြစ်ပွားခဲ့ကြောင်း၊ အီရတ်နိုင်ငံအတွင်း ပြန်လည် ထူထောင်ခြင်းများလုပ်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၂ ဘီလီယံ လိုအပ်ကြောင်း အီရတ်နိုင်ငံ စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအစည်းအဝေးကို ကူဝိတ်၊ အီရတ်၊ ကုလသမဂ္ဂ၊ အီးယူနှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကာ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှ ၁၄ ရက်အထိ ကူဝိတ်နိုင်ငံ ဘေရန်နန်းတော်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အိုင်အက်စ်အစွန်း ရောက်အဖွဲ့အစည်းအားနှိမ်နင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာမှုပြုပြီးနောက် ယခု ကျင်းပသည့် အစည်းအဝေးသည် ပထမဆုံးကျင်းပသည့် ပြန်လည်ထူထောင်ရေး ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# ကျောင်းသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်၍ ၁၇ ဦး သေဆုံး




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ အထက်တန်း ကျောင်းတစ်ကျောင်း၌ ယမန်နေ့က ကြောက်မက်ဖွယ်သေနတ် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၁၇ဦး သေဆုံးခဲ့ ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါနေ့ရက်မှာ ထိတ်လန့်ဖွယ် နေ့ရက်ဆိုးတစ်ရက် ဖြစ်ကြောင်း၊ သေနတ်ပစ်ခတ်မှုကို ဆယ်ကျော်သက်အရွယ် ကျောင်းသားဟောင်းတစ်ဦးက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသုံး ပြုခဲ့သော သေနတ်မှာ အေအာရ်-၁၅ ရိုင်ဖယ်သေနတ်ဖြစ် ကြောင်း၊ လူ၁၂ ဦးမှာ ဖလော်ရီဒါ၊ ပါ့ခ်လန့်ဒ်ရှိ မာဂျိုရီ စတုန်း မင်းန်အထက်တန်းကျောင်းဝင်းအတွင်း သေဆုံးခဲ့ကြောင်း၊ နှစ်ဦးမှာ ကျောင်းပြင်ပတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ထပ်တစ်ဦးမှာ ကျောင်းအနီးလမ်းတစ်ခုပေါ်တွင် သေဆုံး ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားနှစ်ဦးမှာ ဆေးရုံရောက်ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဘရိုဝက်စီရင်စုမှ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

သေနတ်ပစ်ခတ်ကြောင်း ကနဦးသတင်းရလျှင်ရချင်း သက်ဆိုင်ရာရဲအရာရှိများက အဆိုပါပတ်ဝန်းကျင်ကို ဝိုင်းထား ပြီး အခြားကျောင်းသားများကို အန္တရာယ်မဖြစ်စေရေး နေရာ ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့သည်။ ကျောင်းစင်္ကြံလမ်းတစ်လျှောက် သေနတ်ပစ်သံကြားရသော်လည်း အဆိုပါကျောင်းမှာ မီးသတိ ပေးခေါင်းလောင်းထိုးသံကြားရခြင်းသာဖြစ်မည်ဟု ပထမပိုင်းက ယူဆခဲ့ကြောင်း ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှုတွင် သံသယရှိသူမှာလည်း ဒဏ်ရာရရှိခဲ့ သောကြောင့် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။ သေနတ် ပစ်ခတ်သူဟု သံသယရှိသူမှာ အသက် ၁၉ နှစ်ရှိ နီကိုလက်စ်ခရုဇ် ဆိုသူဖြစ်ကြောင်း သိရသည်။ ၎င်းကို စည်းကမ်းလိုက်နာမှုမရှိဟု ဆိုကာ အဆိုပါကျောင်းမှ ထုတ်ပယ်ခဲ့ကြောင်း ဘရိုဝက်စီရင်စုမှ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးဖြစ်သူ အစ်စရေးက ပြောခဲ့သည်။

**ဆင်ဟွာ**

# တောင်အာဖရိကသမ္မတ ဇူးမား ရာထူးမှ နုတ်ထွက်

**ဂျိုဟန်နက်စ်ဘာ့ဂ် ဖေဖော်ဝါရီ ၁၅**

တောင်အာဖရိကသမ္မတ ဂျက်ကော့ဗ်ဇူးမားသည် လက်ရှိအာဏာရပါတီဖြစ်သည့် အာဖရိကအမျိုးသားပါတီ (ANC)၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်ရပြီးနောက် ဗုဒ္ဓဟူးနေ့တွင် ရာထူးမှနုတ်ထွက်သွားကြောင်း သိရသည်။

အစောပိုင်းတွင် ရာထူးမှနုတ်ထွက်ရန် ခုခံငြင်းဆန်ခဲ့သော်လည်း သမ္မတဇူးမား သည် ပါတီအတွင်းပြိုကွဲမှု မဖြစ်စေရန်ကြိုးပမ်းသည့်အနေဖြင့် ANC က ၎င်းအား နောက်ဆုံးအချိန်သတ်မှတ်ချက်ပေးပြီး တစ်နာရီအလိုတွင် ရာထူးမှနုတ်ထွက် ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ANC သည် ၎င်း၏ ပယောဂကြောင့် ဘယ်သောအခါမှ မပြိုကွဲစေသင့်ကြောင်း ထို့ကြောင့်ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဇူးမားက ဗုဒ္ဓဟူး နေ့ညနေပိုင်းတွင် Union Building အဆောက်အအုံ၌ နိုင်ငံသို့ ပြောကြားခဲ့သည့် မိနစ် ၃၀ ကြာမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဇူးမားက၎င်းအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရာထူးမှဆင်းလို ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ အုပ်ချုပ်မှုကာလအတွင်း ပြုလုပ်ခဲ့သည့်အမှား များအတွက် နိုင်ငံကိုတောင်းပန်ကြောင်း ဇူးမားက ပြောကြားခဲ့သည်။ **ဆင်ဟွာ**




# အမေရိကန်စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်က တရုတ်နိုင်ငံ၏ စစ်ရေးချဲ့ထွင်မှုကို သတိပေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်ပစိဖိတ် စစ်ရေးညွှန်ကြားမှု အဖွဲ့ခေါင်းဆောင်သည် တရုတ်နိုင်ငံ၏ စစ်ရေးအရ တိုးချဲ့လာမှုနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် သတိပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အင်ဒို-ပစိဖိတ် ဒေသတွင်း၌ လွှမ်းမိုးမှုရရှိလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း ရေတပ်ဗိုလ်ချုပ် ကြီး ဟယ်ရီဟာရစ်က ပြောကြားခဲ့ သည်။

ဟာရစ်သည် တရုတ်နိုင်ငံ၏စစ်ရေး ဆိုင်ရာတည်ဆောက်မှုကို ကမ္ဘာလုံး ဆိုင်ရာစိန်ခေါ်မှုတစ်ခုအဖြစ် ရည်ညွှန်း လိုက်ကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်အတွင်း၌ တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာလှုပ်ရှား တက်ကြွလာမှုနှင့်ပတ်သက်၍ လွန်စွာ စိုးရိမ်ပူပန်မိကြောင်း ဟာရစ်က ပြော ကြားခဲ့သည်။

တရုတ်နိုင်ငံ၏ စစ်ရေးအရတိုးချဲ့ လာမှုသည် မကြာမီတွင် အမေရိကန် တစ်လွှားကို စိန်ခေါ်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ Belt and Road စီမံကိန်းသည် အင်ဒို-ပစိတ်ဖိတ်ဒေသ တွင်း၌ အမေရိကန်၏ လွှမ်းမိုးမှုကို တိုက်စားပစ်ရန်ရည်ရွယ်ကြောင်း ဟာရစ် က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားနှင့် အမေရိကန် ဆွေးနွေးရန် တောင်ကိုရီးယားသမ္မတ သံတမန်ရေးအရကြိုးပမ်းခဲ့

**ဆိုးလ် ဖေဖော်ဝါရီ ၁၅**

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အမေရိကန်နှင့်မြောက်ကိုရီးယားနိုင်ငံအကြား ဆွေးနွေးပွဲဖြစ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ဂျပန်နှင့် အမေရိကန် သံတမန်ရေးရာသတင်း ရင်းမြစ်များက ပြောကြားခဲ့ကြောင်း သိရသည်။

ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပမှုပြင်ပတွင် ထိုသို့ဆွေးနွေးပွဲအထမြောက်စေရန် မွန်းက မျှော်လင့်ခဲ့သည်ဟု သိရသည်။ မွန်းသည် ပြီးခဲ့သည့်သောကြာနေ့က အိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကို အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် မြောက်ကိုရီးယားမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးလည်း အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

သတင်းရင်းမြစ်များက တောင်ကိုရီးယားသမ္မတသည် မိုက်ပန့်စ်အား မြောက်ကိုရီးယားကိုယ်စားလှယ်နှင့် စကားပြောဆိုဆွေးနွေးမှုပြုလုပ်စေရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း ဖော်ပြထားသည်။ သို့သော် ယင်းကြိုးပမ်းမှုမှာ အထမြောက်ခဲ့ခြင်း မရှိခဲ့ပေ။ မြောက်ကိုရီးယားသည် အမေရိကန်နှင့် ဆွေးနွေးရန် လိုလားမှု မရှိခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဓာတုလက်နက် အသုံးပြုပါက ဆီးရီးယားကို လေကြောင်းမှ တိုက်ခိုက်မည်ဟု ပြင်သစ်သမ္မတ ပြောကြား

**ပါရီ ဖေဖော်ဝါရီ ၁၅**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် အကယ်၍ ဆီးရီးယားရှိ သမ္မတအာဆတ်အစိုးရအဖွဲ့က ဓာတုလက်နက်များ အသုံးပြုကြောင်းကို အတည်ပြုနိုင်ခဲ့လျှင် ပြင်သစ်နိုင်ငံက လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ရလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဆီးရီးယားအစိုးရအင်အားစုများက အရပ်သားများအား ဓာတုလက်နက်များ အသုံးပြုလျက် တိုက်ခိုက်နေကြောင်း စွပ်စွဲချက်များနှင့်ပတ်သက်၍ အင်္ဂါနေ့တွင် မက်ခရွန်က ပါရီ၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

ကုလသမဂ္ဂနှင့် အခြားသော ကျွမ်းကျင်သူများသည် ၂၀၁၅ ခုနှစ်က စွပ်စွဲချက်များကို သက်သေပြနိုင်ရန် စတင်ဆောင်ရွက်လျက်ရှိသည်။ သို့သော် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ယင်းစွပ်စွဲချက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို အချိန်ကာလတိုးချဲ့ရန် အမေရိကန်က စပွန်ဆာပေးသည့် ဆုံးဖြတ်ချက်မူကြမ်းကို ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### တောင်တရုတ်ပင်လယ်အတွင်း ဗြိတိန်စစ်သင်္ဘော ခုတ်မောင်းမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဗြိတိန်နိုင်ငံမှ ရေတပ်သင်္ဘောတစ်စင်းသည် တရုတ်နိုင်ငံနှင့် ၎င်း၏အိမ်နီးချင်းနိုင်ငံများက ရေပိုင်နက်အငြင်းပွားမှုများတွင် ပါဝင်ပတ်သက်နေသည့် တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ခရီးစဉ်ထွက်ခွာမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

စစ်သင်္ဘော HMS Sutherland သည် ဩစတြေးလျသို့ လေ့ကျင့်ရေးခရီးစဉ် သွားရောက်ပြီးနောက်တွင် အဆိုပါဒေသအတွင်းသို့ ခုတ်မောင်းသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ဗြိတိန်သည် အာရှ-ပစိဖိတ်ဒေသအတွင်း၌ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရာတွင် ပါဝင်ဆောင်ရွက်ရန်နှင့် စည်းမျဉ်း၊ စည်းကမ်းများကို အခြေခံသည့် နိုင်ငံတကာညွှန်ကြားချက်များကို ထောက်ခံအားပေးကြောင်း ပြသသည့်အနေဖြင့် စစ်သင်္ဘောကို စေလွှတ်နေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သို့သော် သင်္ဘောသည် တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည့် ကျွန်းစုမှ ၁၂ မိုင်အကွာအတွင်း ဖြတ်သန်းခုတ်မောင်းသွားရန် ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရာထူးက ဆင်းပေးဖို့ မဲခွဲဆုံးဖြတ်မှုကို ရင်ဆိုင်ရတော့မည့် သမ္မတ ဇူးမား

**ကလျာမိုးမြင့်**




တောင်အာဖရိကမှာ လက်ရှိအာဏာရနေတဲ့ အာဖရိကအမျိုးသားကွန်ဂရက် (ANC) ဟာ အစောပိုင်းကတည်းက ရာထူးကနေဆင်းပေးဖို့ ငြင်းဆန်ခဲ့တဲ့ သမ္မတဂျက်ကော့ဗ် ဇူးမားကို နုတ်ထွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ပါတီရဲ့ အကြီးတန်းအာဏာပိုင်တွေက ပြီးခဲ့တဲ့ အင်္ဂါနေ့ အစောပိုင်းမှာ အကြိတ်အနယ် ဆွေးနွေးပွဲတွေ ဆက်တိုက်ဆိုသလို လုပ်ဆောင်ခဲ့ပြီးနောက်မှာ သမ္မတ ဇူးမားကို ဆင့်ခေါ်ဖို့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

**မဲခွဲဆုံးဖြတ်မှုမှာ ရှုံးနိမ့်ဖွယ်ရှိ**

အကယ်၍ မစ္စတာဇူးမားအနေနဲ့ နည်းနည်းလေးတောင်ရွှေ့လျားမှုမရှိဘူးဆိုရင်တော့ သမ္မတဟာ ရှုံးနိမ့်ဖွယ်ရှိတဲ့ မဲခွဲဆုံးဖြတ်မှုကို ပါလီမန်လွှတ်တော်မှာ ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ ၎င်းအာဏာရလာတဲ့ ၂၀၀၉ ခုနှစ်မှာကတည်းက သမ္မတဇူးမားဟာ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်တွေနဲ့ ရင်ဆိုင်လာခဲ့ရပါတယ်။ အာဖရိကအမျိုးသားကွန်ဂရက် (ANC) က ၎င်းရဲ့ အစီအစဉ်တွေနဲ့ပတ်သက်ပြီး တရားဝင်အတည်ပြုခြင်းတော့ မရှိသေးပါဘူး။ ဒါပေမယ့် ပါတီသတင်းရင်းမြစ်တွေကတော့ ဒီအစီအစဉ်တွေကို တောင်အာဖရိက မီဒီယာတွေနဲ့ ရိုက်တာသတင်းအေဂျင်စီသို့ ဖော်ပြခဲ့ပြီးပါပြီ။

သမ္မတဇူးမားဟာ ဆိုင်ရီလ် ရာမာဖိုဆာကို ANC ရဲ့ခေါင်းဆောင်အဖြစ် အစားထိုးခန့်အပ်လိုက်ချိန် ဒီဇင်ဘာလကတည်းကစပြီး ရာထူးကနေဆင်းပေးဖို့ ဖိအားတွေ တိုးပွားလာနေတာတွေကို ရင်ဆိုင်ခဲ့ရပြီး ဒါကို ကြံ့ကြံ့ခံ ခုခံငြင်းဆန်နေခဲ့တာပါ။ ANC အထွေထွေအတွင်းရေးမှူးချုပ် အေ့စ်မဂါရှူလီဟာ မြို့တော်ပရီတိုးရီးယားမှာရှိတဲ့ ၎င်းရဲ့အိမ်ဆီသို့ သမ္မတထံ ပေးစာတစ်စောင်ပေးပို့ခဲ့ပြီး ပါတီရဲ့ ထိပ်တန်းခေါင်းဆောင်များ ဆွေးနွေးပွဲသို့ ၎င်းကို ဆင့်ခေါ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ကြောင်း အကြောင်းကြားခဲ့တယ်လို့ သတင်းရင်းမြစ်တွေက ဖော်ပြထားပါတယ်။

ဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး မစ္စတာဇူးမား ဘယ်လိုတုံ့ပြန်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မသိရသေးသလို ၎င်းရဲ့ရုံးတော်ကလည်း အခုချိန်ထိတော့ ဘယ်လိုဝေဖန်မှတ်ချက်ချမှုမျိုးမှ မလာသေးပါဘူး။ ယမန်နေ့က ပေါ်ထွက်လာတဲ့ သတင်းတွေအရ ၎င်းဟာ သေလူဖြစ်တယ်။ ဇူးမားကို ပြန်လည်ဆင့်ခေါ်ဆိုတဲ့ သတင်းစာခေါင်းစီးတွေနဲ့အတူ သေချာရေရာတဲ့ အခြေအနေတစ်ခုကို တွေ့မြင်ရတော့မယ့်ဟန်ရှိနေပါတယ်။

**နောက်ဆုံးပိတ် အကြိတ်အနယ် ယှဉ်ပြိုင်ပွဲ ဖြစ်လာနိုင်**

ဒါပေမယ့် ဘယ်အရာကမှ ရှင်းရှင်းလင်းလင်းမဖြစ်သေးဘူး။ ANC အဖွဲ့ရဲ့ အတည်ပြုချက်တွေလည်း မရှိသေးသလို မီဒီယာအကျဉ်းဖော်ပြမှုတွေဟာလည်း နှောင့်နှေးကြန့်ကြာနေဆဲ ဖြစ်တယ်။ ခေါင်းကြီးပိုင်းတွေကိုလည်း ပြင်ဆင်ရေးသားလာတာတွေရှိသလို အဲဒီခေါင်းကြီးပိုင်းတွေဟာ အကယ်၍သာ ဇူးမား ရာထူးကနေဆင်းဖို့ အမှန်တကယ်ငြင်းဆန်နေမယ်ဆိုရင် ပါလီမန်လွှတ်တော်ထဲမှာ သမ္မတဇူးမားနဲ့ ၎င်းရဲ့ ပါတီတို့အကြား နောက်ဆုံးပိတ် အကြိတ်အနယ်တိုက်ပွဲတစ်ခုဖြစ်လာမယ့် ဖြစ်နိုင်ခြေတွေကို ထင်ဟပ်ဖော်ပြနေကြတာ ဖြစ်ပါတယ်။

ANC ကနေ ရှင်းလင်းတဲ့ ဆက်သွယ်ချက် ကင်းမဲ့မှုကြောင့်ဖြစ်လာတဲ့ ဟာကွက်က သွေးရူးသွေးတန်းခန့်မှန်းချက်တွေနဲ့ ထင်ရာမြင်ရာမှန်းဆချက်တွေကိုသာ ပြည့်နှက်လာစေခဲ့ပါတယ်။ သတင်းရင်းမြစ်တွေကတော့ မစ္စတာဇူးမားဟာ ရာထူးကနေဆင်းပေးဖို့ ငြင်းဆန်နေတယ်။ ဒီတော့ ဇူးမားက ANCအပေါ်မှာ အယုံအကြည်မရှိတော့ဘူးဆိုတဲ့ ကိုယ်ပိုင်အရွှေ့တစ်ခုနဲ့ အဆိုတင်ရလိမ့်မယ်ဆိုတဲ့ ပြောဆိုမှုတွေကို သတင်းရင်းမြစ်တွေက ကိုးကားဖော်ပြနေပါတယ်။

**အဆုံးသတ်ဖို့ ပိုမိုခက်ခဲလာ**

ဒီလို သတင်းထွက်ပေါ်မှုတွေက ဒီကိစ္စနဲ့ပတ်သက်ပြီး အဆုံးသတ်စေချင်နေပြီလို့ ပြောခဲ့တဲ့ မစ္စတာရာမာဖိုဆာကို သိပ်ကို စိတ်အားထက်သန်လာအောင် လုပ်ဆောင်နေသလိုပါပဲ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာ တောင်အာဖရိကနိုင်ငံသားတွေကို မစ္စတာရာမာဖိုဆာက ကတိပေးအပ်ခဲ့တဲ့ အဆုံးသတ်ဖို့ နီးကပ်လာမှုဟာ ပိုပြီးခက်ခဲသည်ထက် ခက်ခဲလာတဲ့ အနေအထားဖြစ်လာတာကို တွေ့နေရပါတယ်။ အစောပိုင်းတုန်းက မစ္စတာရာမာဖိုဆာဟာ မစ္စတာဇူးမားရဲ့ နေအိမ်ကို သွားရောက်ဖို့အတွက် ANC ဆွေးနွေးပွဲကနေ ထွက်လာခဲ့ပါတယ်။ နေအိမ်မှာ အကယ်၍ ဇူးမားအနေနဲ့ ရာထူးကမဆင်းရင် ၎င်းက ဆင့်ခေါ်မယ်လို့ ပြောကြားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ၎င်းဟာ ANC လျှို့ဝှက်ဆွေးနွေးပွဲတွေဆီကို ပြန်လာခဲ့ပါတယ်။

**မစ္စတာဇူးမား ဘာတွေအမှားလုပ်ခဲ့သလဲ**

မစ္စတာဇူးမားရဲ့ အုပ်ချုပ်မှုဟာ ၎င်းက မလုပ်ပါဘူးလို့ အမြဲလိုလိုငြင်းဆန်လာခဲ့တဲ့ အကျင့်ပျက်ခြစားမှုစွပ်စွဲချက်တွေရဲ့ အရိပ်လွှမ်းမိုးမှုကို ခံခဲ့ရပါတယ်။



၂၀၁၆ ခုနှစ်မှာ တောင်အာဖရိကရဲ့ အမြင့်ဆုံးတရားရုံးက ဇူးမားဟာ ၎င်းရဲ့ ကိုယ်ရေးကိုယ်တာအတွက် သုံးစွဲခဲ့တဲ့ အစိုးရပိုင်ဘဏ္ဍာငွေတွေကို ပြန်မပေးနိုင်တော့တဲ့အချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခဲ့တယ်လို့ စီရင်ဆုံးဖြတ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ အမြင့်ဆုံးတရားရုံးက ဇူးမားဟာ အကျင့်ပျက်ခြစားမှု ၁၈ ခု၊ လိမ်လည်အယောင်ဆောင်မှု၊ လိမ်ညာအသက်မွေးမှု၊ ၁၉၉၉ လက်နက်စာချုပ်ကိစ္စနဲ့ဆက်နွယ်တဲ့ ငွေမည်းကို ငွေဖြူဖြစ်အောင်ပြုလုပ်မှုတွေနဲ့ အရေးယူဆောင်ရွက်မှုကို ရင်ဆိုင်ရမယ်လို့ စီရင်ဆုံးဖြတ်ခဲ့ပါတယ်။ မကြာသေးမီကပဲ မစ္စတာဇူးမားဟာ ချမ်းသာကြွယ်ဝတဲ့ အိန္ဒိယနွယ်ဖွား Gupta မိသားစုနဲ့ ပတ်သက်ဆက်နွယ်မှုရှိခဲ့ပြီး ဒီမိသားစုဟာဆိုရင် အစိုးရကို လွှမ်းမိုးခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေကို ခံထားရပါတယ်။ ဒီအကြောင်းတွေက သမ္မတဇူးမားရဲ့ နာမည်ဂုဏ်သတင်း ကျော်စောမှုကို ထိုးကျသွားစေခဲ့တာဖြစ်ပါတယ်။

**စွပ်စွဲချက်တွေကို ငြင်းဆန်ထား**

ဒီစွပ်စွဲချက်တွေကိုတော့ သမ္မတရော Gupta မိသားစုဝင်တွေကပါ ငြင်းဆန်ထားပါတယ်။ သတင်းထောက်တွေက ဇူးမားအနေနဲ့ နုတ်ထွက်ဖို့ တောင်းဆိုမှုတွေကို ကြံ့ကြံ့ခံခုခံဖို့က တော်တော်လေး ခက်ခဲနိုင်တယ်။ ဒါပေမယ့် ဒီလိုနုတ်ထွက်ဖို့ ၎င်းမှာ မဖြစ်မနေတာဝန်ရှိတယ်။ ပြီးတော့ ၎င်းပါတီရဲ့အနာဂတ်ကို ဆုံးရှုံးလိုက်ရသော်လည်းပဲ သမ္မတအဖြစ် အခြားနည်းနဲ့ လိမ္မာပါးနပ်စွာ ထမ်းဆောင်သွားနိုင်တယ်လို့ ပြောခဲ့ပါတယ်။

သို့သော်လည်းပဲ သမ္မတဟာ ပါလီမန်လွှတ်တော်အတွင်းမှာ မဲခွဲဆုံးဖြတ်မှုကို ရင်ဆိုင်သွားရမှာဖြစ်ပြီး မဲခွဲ ဆုံးဖြတ်မှုကို ဖေဖော်ဝါရီ ၂၂ ရက်မှာ ပြုလုပ်သွားဖို့ အစီအစဉ်ရေးဆွဲထားတယ်။ ဒါပေမယ့် ဒီထက်ပိုပြီး စောရင်လည်း စောနိုင်ပါတယ်။ မစ္စတာဇူးမားဟာ အခုလိုမျိုး တခြားသော မဲခွဲဆုံးဖြတ်မှုတွေကနေ လွတ်မြောက်လာခဲ့ပြီးပြီ ဖြစ်ပေမယ့် ဒီလိုထပ်ပြီး လွတ်မြောက်အောင် လုပ်နိုင်လိမ့်မယ်လို့တော့ မျှော်လင့်နိုင်တဲ့ အခြေအနေ သိပ်မရှိလှပါဘူး။ မဲခွဲဆုံးဖြတ်မှုဟာ ၎င်းနဲ့ ၎င်းပါတီအတွက်တော့ နိမ့်ချအောက်ကျို့ရမယ့်ဖြစ်စဉ် တစ်ခုအနေနဲ့ ထည့်သွင်းစဉ်းစားရမှာပါ။

တောင်အာဖရိက သတင်းမီဒီယာတွေကတော့ သမ္မတဇူးမားရဲ့ ဖြစ်လာနိုင်ဖွယ်ရှိတဲ့ နုတ်ထွက်မှုကို Zexit လို့ ခေါ်ဝေါ်နေကြပါပြီ။ ၎င်းမတိုင်မီ သမ္မတအဖြစ်ဆောင်ရွက်ခဲ့တဲ့ Thabo Mbeki ဟာ ၂၀၀၈ ခုနှစ်မှာ နုတ်ထွက်ခဲ့တာဖြစ်ပြီး ၎င်းဟာလည်း လက်ထောက်ဖြစ်သူနဲ့ အာဏာယှဉ်ပြိုင်မှုဖြစ်လာပြီးမှ နုတ်ထွက်သွားခဲ့တာဖြစ်ပါတယ်။ ဒီတော့ နောက်တစ်နှစ်မှာ သမ္မတအဖြစ် အာဏာရရှိလာခဲ့တဲ့ ဂျက်ကော့ဗ် ဇူးမား အလှည့်မှာရော ဘယ်လိုဆက်ဖြစ်လာဦးမှာလဲ။

ANC ဟာ ၁၉၉၄ ခုနှစ် နယ်လ်ဆင်မန်ဒဲလား လက်ထက်မှာ အာဏာရရှိလာခဲ့ချိန်ကစပြီး ၂၀၁၆ ခုနှစ် ဒေသတွင်းရွေးကောက်ပွဲအတွင်းမှာ ၎င်းလုပ်ရှားဆောင်ရွက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ဝေဖန်သံတွေ ဆိုးဆိုးရွားရွား ထွက်ပေါ်လာစေခဲ့ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

> “သမ္မတဟာ ပါလီမန်လွှတ်တော်အတွင်းမှာ မဲခွဲဆုံးဖြတ်မှုကို ရင်ဆိုင်သွားရမှာဖြစ်ပြီး မဲခွဲဆုံးဖြတ်မှုကို ဖေဖော်ဝါရီ ၂၂ ရက်မှာ ပြုလုပ်သွားဖို့ အစီအစဉ်ရေးဆွဲထားတယ်၊ ဒါပေမယ့် ဒီထက်ပိုပြီး စောရင်လည်း စောနိုင်ပါတယ်”

# ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃ ခုနှစ် ရက်**
**(၂၀ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။
(ဂ) အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေတို့တွင် မည်သို့ပင်ပါရှိစေကာမူနှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည် -
(၁) နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်၊
(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်။
(ဃ) ပုဒ်မခွဲ(ဂ)ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့် အခွန်ထမ်းများဖြစ်ပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကသတ်မှတ်သည့် ကာလ။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။
(ခ) **ဥပဒေ**ဆိုသည်မှာပြည်ထောင်စုအစိုးရကပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်ဥပဒေများကို ဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာပြည်ထောင်စုအစိုးရကပြည်ထောင်စုအတွက်ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။
(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း(၂)**
**ကောက်ခံရန်အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား (၁) ပါအခွန်အကောက် ကောက်ခံရန်လျာထားချက်ဖြစ်သည်။

**အခန်း(၃)**
**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါအခွန်အကောက်အမျိုးအစားများနှင့် စပ်လျဉ်း၍ ကောက်ခံရန်အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက်တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့အစီရင်ခံ တင်ပြရမည်။

**အခန်း(၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည်ဤဥပဒေပါအထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက **အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်**နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက်လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကိုနိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

**အခန်း (၅)**
**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကိုအောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည် -

**အထူးကုန်စည်များ**

(က) အောက်ဇယားပါအထူးကုန်စည်များနှင့် စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်-
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူး ကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှု ကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီကသတ်မှတ်သည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊
(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးအမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေးကျပ် ၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ ကျပ် |
| | (ခ) စီးကရက်အမျိုးအမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ ကျပ် |
| ၂ | ဆေးရွက်ကြီး | | ၆၀ % |
| ၃ | ဗားဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | (က) ဆေးပေါ့လိပ် | တစ်လိပ်ရောင်းဈေး ကျပ် ၁၀ အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၅၀ ပြား |
| | (ခ) ဆေးပေါ့လိပ် | တစ်လိပ်ရောင်းဈေး ၁၁ ကျပ်နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ် | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ ဖြစ်လျှင် | တစ်လီတာ ၉၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ်၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၄၀ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၂၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၀၆ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ် လျှင် | တစ်လီတာ ၂၃၇၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၂၅ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၅၇ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈၈ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၁၉ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၁၁ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ % |
| ၉ | ဘီယာအမျိုးမျိုး | | ၆၀ % |
| ၁၀ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ % |

*(ဆက်လက်ဖော်ပြပါမည်)*

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၈)

# အဂတိလိုက်စားမှုများအား စောင့်ကြည့်ခြင်း

ဦးဟန်ညွန့် (ဥပဒေ)



**တာဝန်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတာဝန်ကို ဥပဒေနှင့် အညီ တာဝန်ထမ်းဆောင်ရသည်။ ဥပဒေက မည်သို့ပြဋ္ဌာန်းထားပါသလဲ။ နည်းဥပဒေကမည်သို့ လမ်းညွှန်ထားပါသလဲ။ ကမ္ဘာ့အဖွဲ့အစည်းများကရော မည်သို့လိုက်နာကျင့်သုံးကြပါသလဲ။ လေ့လာမှတ်သားစရာ၊ ဖတ်ရှုစရာ၊ ရည်ညွှန်းကိုးကားစရာတွေ စုံလင်လှပေသည်။ လက်တွေ့ဘဝနှင့် မည်သို့ဆက်စပ်ကျင့်သုံးကြပါမည်လဲ။ နိုင်ငံတကာ ပညာရှင်များ၏ လေ့လာသုံးသပ်မှုများကိုလည်း သိရန်မလိုအပ်ဘူးလား။ ဘက်စုံအမြင်များ မကိုးကားသင့်ဘူးလား။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြဋ္ဌာန်းသည့်
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**
၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၃
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၃ ခုနှစ်ဩဂုတ်လ ၇ ရက်)
၂၀၁၇ အထိပြင်ဆင်ပြီး

**ဥပဒေ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် ၇-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည်။

**နည်းဥပဒေ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ ဖြင့် ထုတ်ပြန်သည်။

**ပွင့်လင်းမြင်သာမှုအဖွဲ့**

နိုင်ငံတကာပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ [TRANSPARENCY INTERNATIONAL] သည် ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုများအား စောင့်ကြည့်အကဲဖြတ်သည်။ NGO အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် အညွှန်းကိန်း (CORRUPTION PERCEPTION INDEX -CPI) ကို ထုတ်ပြန်သည်။ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် အညွှန်းကိန်း (CPI) ကို သုံးသပ်ပြန်သည်။

**အညွှန်းကိန်း**

မြန်မာနိုင်ငံ၏ နှစ်အလိုက်အညွှန်းကိန်းအဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ခုနှစ် | အညွှန်းကိန်းအဆင့် | သုံးသပ်သည့်နိုင်ငံပေါင်း |
|---|---|---|---|
| ၁ | ၂၀၀၃ | ၁၂၉ | ၁၃၃ |
| ၂ | ၂၀၀၄ | ၁၄၂ | ၁၄၆ |
| ၃ | ၂၀၀၅ | ၁၅၅ | ၁၅၉ |
| ၄ | ၂၀၀၆ | ၁၆၀ | ၁၆၃ |
| ၅ | ၂၀၀၇ | ၁၇၉ | ၁၈၀ |
| ၆ | ၂၀၀၈ | ၁၇၈ | ၁၈၀ |
| ၇ | ၂၀၀၉ | ၁၇၈ | ၁၈၀ |
| ၈ | ၂၀၁၀ | ၁၇၆ | ၁၇၈ |
| ၉ | ၂၀၁၁ | ၁၈၀ | ၁၈၃ |
| ၁၀ | ၂၀၁၂ | ၁၇၂ | ၁၇၆ |
| ၁၁ | ၂၀၁၃ | ၁၅၇ | ၁၇၇ |
| ၁၂ | ၂၀၁၄ | ၁၅၆ | ၁၇၅ |
| ၁၃ | ၂၀၁၅ | ၁၄၇ | ၁၆၈ |
| ၁၄ | ၂၀၁၆ | ၁၃၆ | ၁၇၆ |

**ကမ္ဘာ့ဘဏ်**

ကမ္ဘာ့ဘဏ်သည် ဆင်းရဲသော အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အောက်ပါအချက်များအား မေးမြန်းစုံစမ်း၍ အမှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်-

(က) စီးပွားရေးစီမံခန့်ခွဲမှု
(ခ) မူဝါဒတည်ဆောက်မှု
(ဂ) လူမှုရေးပါဝင်ဆောင်ရွက်မှု
(ဃ) တန်းတူညီမျှသည့် မူဝါဒချမှတ်မှု
(င) အများပြည်သူဆိုင်ရာ အခန်းကဏ္ဍစီမံခန့်ခွဲမှု
(စ) အဖွဲ့အစည်းများပါဝင်သည့် အကြောင်းအရာများ အပေါ်အခြေခံကာ ပညာရှင်များမှ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များ
(ဆ) ကမ္ဘာ့စီးပွားရေးအမြင်ခန့်မှန်းချက်များ
(ဇ) စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ
(ဈ) ဘဏ္ဍာရေးအခြေအနေ
(ည) ရာသီဥတု ပြောင်းလဲမှုအခြေအနေ

**ကမ္ဘာ့စီးပွားရေးဖိုရမ်**
(World Economic Forum - EOS)

စီမံအုပ်ချုပ်ရေးဆိုင်ရာ ထင်မြင်ချက်စစ်တမ်းသည် အောက်ပါအချက်များအား မေးမြန်းစုံစမ်း၍ အမှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်ကျရောက်နိုင်ခြေများ
(ခ) အန္တရာယ်ကျရောက်နိုင်ခြေများ ခန့်မှန်းချက်
(ဂ) အန္တရာယ်ကျရောက်နိုင်ခြေ စီမံခန့်ခွဲမှုတွင် ကောင်းမွန်သော အလေ့အကျင့်ကောင်းများ
(ဃ) အန္တရာယ်ကျရောက်နိုင်ခြေ လျှော့ချနိုင်မှု

**ကမ္ဘာလုံးဆိုင်ရာလေ့လာရေးအဖွဲ့**
(Global Insight Country Risk Ratings)

ကမ္ဘာလုံးဆိုင်ရာလေ့လာရေးအဖွဲ့သည် နိုင်ငံအန္တရာယ်ကျရောက်နိုင်ခြေ တွက်ချက်သည့်စနစ်အား ၁၉၉၉ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သည်။ နိုင်ငံများ၏အချက် ၆ ချက်အပေါ် အခြေခံပြီး မေးမြန်းစုံစမ်း၍ အဆင့်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ အချက် ၆ ချက်မှာ-

(၁) နိုင်ငံရေး
(၂) စီးပွားရေး
(၃) ဥပဒေရေးရာ
(၄) အခွန်စည်းကြပ်ရေး
(၅) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး
(၆) လုံခြုံရေးတို့ ဖြစ်သည်။

**ကမ္ဘာ့တရားမျှတမှုဆိုင်ရာ စီမံကိန်း**
(World Justice Project Rule of Law Index)

တရားဥပဒေစိုးမိုးမှု အညွှန်းကိန်းသည် နိုင်ငံနယ်မြေဒေသများ၏ လက်တွေ့တရားဥပဒေစိုးမိုးမှုကို ဆက်လက်ဆောင်ရွက်ရန်အတွက် အောက်ပါအချက်များအား မေးမြန်းစုံစမ်း၍ အမှတ်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်-

(က) အစိုးရအာဏာကျင့်သုံးမှု
(ခ) အကျင့်ပျက်ခြစားမှု ကင်းရှင်းခြင်း
(ဂ) ပွင့်လင်းသော အစိုးရ
(ဃ) အခြေခံအခွင့်အရေးများ
(င) ငြိမ်ဝပ်ပိပြားမှုနှင့် လုံခြုံရေး
(စ) စည်းမျဉ်းဥပဒေလိုက်နာဆောင်ရွက်မှု
(ဆ) တရားမဆိုင်ရာ တရားစီရင်ရေး
(ဇ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေး

**ဒီမိုကရေစီမှုကွဲများ စီမံချက်**
(Varities of Democracy Project)

ဒီမိုကရေစီမှုကွဲများ စီမံချက်သည် အများပြည်သူဆိုင်ရာကဏ္ဍတွင် အဂတိလိုက်စားမှု အညွှန်းကိန်း၊ အုပ်ချုပ်မှုကဏ္ဍတွင် အဂတိလိုက်စားမှုအညွှန်းကိန်း၊ ဥပဒေပြုရေးဆိုင်ရာကဏ္ဍတွင် အဂတိလိုက်စားမှု အညွှန်းကိန်း၊ တရားစီရင်ရေးဆိုင်ရာကဏ္ဍတွင် အဂတိလိုက်စားမှုအညွှန်းကိန်းတို့တွင် ဒီမိုကရေစီ၏ အဓိကစံနှုန်း(၇)ရပ်ဖြစ်သော အောက်ပါအချက်များအကြား ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အဆိုပါစံနှုန်းများကို တိုင်းတာနိုင်ရန် အချက်အလက်များ စုဆောင်းခြင်းဖြစ်ပါသည်-

(က) ရွေးကောက်တင်မြှောက်ခြင်း
(ခ) လွတ်လပ်ခွင့်ရှိမှု
(ဂ) စဉ်းစားချင့်ချိန်မှု
(ဃ) တန်းတူ ရည်တူရှိမှုကို အားပေးမှု
(င) အဓိကကျမှုများ(အများစု)
(စ) သဘောထားတူညီမှု

**မြန်မာနိုင်ငံ**

မြန်မာနိုင်ငံအပေါ် အဂတိလိုက်စားမှုဆိုင်ရာ ရှုမြင်သုံးသပ်ချက်များကို အညွှန်းကိန်းဖြင့် ဖော်ပြခဲ့သည်။ မည်သည့်အကြောင်းအရာအပေါ် မူတည်အဆင့်သတ်မှတ်ခဲ့ကြောင်း၊ အမှတ်ပေးခဲ့ကြောင်း အကဲဖြတ်လေ့လာနိုင်ကြပါပြီ။ (ယခုထက်ပိုမို၍) အညွှန်းကိန်း ဖော်ပြမှုအကြောင်းများ ဆက်လက်တင်ပြပါဦးမည်။

**အကျင့်ပျက်ခြစားမှု ကင်းရှင်းခြင်း**

(အကြမ်းအားဖြင့်)ရမှတ်များပေးရာတွင် အောက်ပါအတိုင်း တွေ့ရှိပါသည်-

(၁) အစိုးရဌာနဆိုင်ရာများတွင် အဂတိလိုက်စားမှု မရှိခြင်း
(၂) တရားစီရင်ရေးတွင် အဂတိလိုက်စားမှု မရှိခြင်း
(၃) ရဲတပ်ဖွဲ့၊ တပ်မတော်စသည့် လက်နက်ကိုင်အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု မရှိခြင်း
(၄) ဥပဒေပြုရေးတွင် အဂတိလိုက်စားမှု မရှိခြင်း

**တရားမတရားစီရင်ရေး**

(၁) အလွယ်တကူနားလည်စွာ ဆောင်ရွက်နိုင်မှုနှင့် ကြိုးပမ်းအားထုတ်နိုင်မှု
(၂) ခွဲခြားဆက်ဆံမှု ကင်းရှင်းခြင်း
(၃) အဂတိလိုက်စားမှု ကင်းရှင်းခြင်း
(၄) အစိုးရ၏ မလျော်ဩဇာလွှမ်းမိုးမှုကင်းရှင်းခြင်း
(၅) ဥပဒေအတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်း
(၆) ထိရောက်စွာ လိုက်နာဆောင်ရွက်ခြင်း
(၇) သမာဓိရှိရှိနှင့် ထိထိရောက်ရောက်ရှိသော အငြင်းပွားမှု ဖြေရှင်းရေးယန္တရားအား ပြောင်းလဲကျင့်သုံးခြင်းတို့နှင့် စပ်လျဉ်း၍လည်း အမှတ်ပေးအကဲဖြတ်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးမှုသည် အလွန်အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ခဲ့ပေသည်။

**အမျိုးသားရေးတာဝန်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ရန် အဓိကပထမရည်ရွယ်ချက်ဖြစ်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄ (က) တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

**စေတနာ**

(၁) နိုင်ငံတကာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့က အဂတိလိုက်စားမှုများအား မည်သို့စောင့်ကြည့် အကဲဖြတ်ကြောင်း လေ့လာတင်ပြခြင်းဖြစ်ပါသည်။
(၂) တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများအကြောင်း ဆက်စပ်လျက် တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ။ ။

> **"မြန်မာနိုင်ငံအပေါ် အဂတိလိုက်စားမှုဆိုင်ရာ ရှုမြင်သုံးသပ်ချက်များကို အညွှန်းကိန်းဖြင့် ဖော်ပြခဲ့သည်၊ မည်သည့်အကြောင်းအရာအပေါ် မူတည် အဆင့်သတ်မှတ်ခဲ့ကြောင်း၊ အမှတ်ပေးခဲ့ကြောင်း အကဲဖြတ်လေ့လာနိုင်ကြပါပြီ"**

## ပုသိမ်ကြီးမြို့နာရီစင်ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ဂုဏ်ဆောင်နာရီစင် တည်ဆောက်နိုင်ရေးပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ပုသိမ်ကြီးမြို့ အဝင်သစ်တောရုံး တောင်ဘက်၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဌေးလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မျိုးညွှန့်သန်း၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နာရီစင်တည်ဆောက်ရေးကော်မတီနာယက ဦးသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးထွေးအောင်တို့က ပန္နက်ရိုက်မင်္ဂလာဆင်ယင် ကျင်းပကြသည်။

အဆိုပါ နာရီစင်ကို ဗိသုကာပညာရှင် ဦးဟန်ထွန်းကရေးဆွဲပြီး နာရီစင်အမြင့်မှာ ၄၄ ပေနှင့် အကျယ်မှာကိုးပေဖြစ်ကြောင်း သိရသည်။



**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ (၄၃) ကြိမ်မြောက်သီချင်းဆို၊ ပုံပြောပြိုင်ပွဲများ၊ ဆုပေးပွဲနှင့်ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ (မြန်မာနိုင်ငံကလေးများနေ့)အထိမ်းအမှတ်အဖြစ် ကလေးများပျော်ရွှင်စေရန် ရည်ရွယ်၍ ကာယမောင်၊ ကာယအလှမယ်ပြိုင်ပွဲ၊ ချစ်စရာ့အရွယ်ကစားကြမယ် အစီအစဉ်၊ မူ/ကြိုပြီးမြောက်ခြင်း ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူလတန်းကြိုကျောင်းကြီးကြပ်ရေး နာယကမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မူကြိုကျောင်းအုပ်ဆရာမကြီးဒေါ်နန်းမြသိန်းက မြန်မာနိုင်ငံကလေးများနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသားကျောင်းသူများ၊ မူ/ကြိုပြီးမြောက်ခြင်းဂုဏ်ပြုလွှာနှင့် ဆုပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မူ/ကြိုကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပရီမီယာလိဂ်ရွှေဖိနပ်ဆုရှင် ဘယ်သူဖြစ်မလဲ

● အောင်က

**ဒီနှစ်ပရီမီယာလိဂ်ဟာ ပွဲစဉ် ၂၇ အပြီးမှာတော့ ချန်ပီယံဖြစ်မယ့် အသင်းဟာ မန်စီးတီးအသင်းဖြစ်ဖို့ များသွားပြီဆိုတာကတော့ လူတိုင်းက လက်ခံရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ရွှေဖိနပ်ဆုရှင်ကတော့ ဘယ်သူဖြစ်မလဲဆိုတာဟာ အခုအချိန်အထိတော့ ပြောလို့မရသေးတဲ့ အခြေအနေမှာ ရှိနေပါတယ်။**

စပါးအသင်းတိုက်စစ်မှူးဟယ်ရီကိန်းကတော့ လက်ရှိအချိန်မှာ ၂၃ ဂိုး သွင်းယူပေးထားပြီး ပရီမီယာလိဂ်သွင်းဂိုးအများဆုံးစာရင်းမှာ ထိပ်ဆုံးကနေ ရပ်တည်နေတယ်။ ဒါပေမယ့် သူ့ရဲ့အောက်မှာတော့ အဂူရိုနဲ့ ဆာလတ်တို့က ရပ်တည်နေတယ်။ ဒါကြောင့် သူတို့ကြားက ကွာခြားမှုက သိပ်မရှိတာကြောင့် ရာသီကုန်မှာ ဘယ်သူက ရွှေဖိနပ်ရမလဲဆိုတာကလည်း စဉ်းစားစရာကောင်းနေတယ်။ ပရီမီယာလိဂ်ပွဲ ၁၁ ပွဲ ကျန်နေချိန်မှာတော့ သူတို့ရဲ့ရွှေဖိနပ်လုပွဲကလည်း အကြိတ်အနယ်လို့ ပြောရမှာပါ။ ဒါကြောင့် ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ရဲ့ရွှေဖိနပ်ဆုအတွက် အပြိုင်အဆိုင်ရှိနေတဲ့ ကစားသမား သုံးဦးနဲ့ပတ်သက်တဲ့အချက်အလက်တွေကို ပရိသတ်တွေသိရှိဖို့ တင်ပြလိုက်ပါတယ်။

**ဟယ်ရီကိန်း (၂၃ ဂိုး)**

ကမ္ဘာ့ကျော်ဘောလုံးရေးရာကျွမ်းကျင်သူတွေကတော့ ဒီနှစ်ရွှေဖိနပ်ရဖို့ကတော့ ဟယ်ရီကိန်းက အဓိကသူအဖြစ်ရှိနေပြီး နောက်ထပ်လည်း ဂိုးတွေအများကြီး သွင်းယူနိုင်ဖို့ရှိနေတဲ့သူအဖြစ်လည်း ဟောကိန်းထုတ်ထားကြပါတယ်။ ဒါကြောင့်လည်းသူဟာ ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို တတိယအကြိမ်ရယူဖို့ရှိနေတယ်လို့လည်း ပြောရမှာဖြစ်ပါတယ်။ လက်ရှိ အချိန်မှာလည်း သူဟာ ပရီမီယာလိဂ်မှာ ၂၃ ဂိုးသွင်းယူထိပ်ဆုံးမှာရှိနေတဲ့သူလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဟယ်ရီကိန်းရဲ့ ထူးခြားချက်က ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းအစုံနဲ့ ဂိုးသွင်းနိုင်စွမ်းရှိသူလည်းဖြစ်ပါ တယ်။ သူရရှိထားတဲ့ ယခုနှစ်ရာသီ ၂၃ ဂိုးကိုကြည့်မယ်ဆိုရင်လည်း ညာခြေကန်ချက်ကြောင့် ကိုးဂိုးနဲ့ ဘယ်ခြေကန်ချက်ကြောင့် ကိုးဂိုးဖြစ်ပြီး ခေါင်းတိုက်ဂိုးကြောင့် ငါးဂိုး ရရှိထားခဲ့ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့လက်ရှိအချက်အလက်တွေကို ကြည့်မယ်ဆိုရင်တော့ ခံစစ်မှူးတွေအနေနဲ့ ဟယ်ရီကိန်းကို တားဆီးဖို့ဆိုတာကတော့ ခက်ခဲလွန်းတာဟာ အမှန်လို့ဆိုရမှာပါ။

ဒါပေမယ့် ဟယ်ရီကိန်းရရှိတဲ့ ၂၃ ဂိုးမှာတော့ ဂိုး ၂၀ ဟာ ပယ်နယ်တီဧရိယာထဲမှာ ရရှိတာဖြစ်ပြီး ကျန်တဲ့ သုံးဂိုးသာ ပယ်နယ်တီဧရိယာ အပြင်ကနေ ရရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် ဟယ်ရီကိန်းဟာ အဝေးထက် အနီးဂိုးသွင်းယူမှုက ပိုများတယ်လို့ပြောရမှာပါ။ လက်ရှိအချိန်မှာတော့ ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး တစ်ဦးအဖြစ် သတ်မှတ်ထားခြင်း ခံထားရသူလည်း ဖြစ်ပါတယ်။ သူ့အနေနဲ့ လက်ရှိကြံ့ခိုင်မှုတွေအတိုင်းသာ ဆက်လက်ရှိနေမယ် ဆိုရင်တော့ ရာသီကုန်မှာတော့ ရွှေဖိနပ်ဆုဟာ သူ့အတွက်လို့တောင်ပြောရမှာပါ။





**မိုဟာမက်ဆာလာ (၂၂ ဂိုး)**

ချယ်လ်ဆီးအသင်းနဲ့အတူ မော်ရင်ညိုရဲ့လက်အောက်မှာ ခြေစွမ်းမပြနိုင်ခဲ့တဲ့ ဆာလာဟာ ပရီမီယာလိဂ်ကို တစ်ကျော့ပြန်ရောက်လာခဲ့ချိန်မှ ခြေစွမ်းပြဂိုးသွင်းနိုင်တာလည်း ဖြစ်ပါတယ်။ သူဟာ တိုက်စစ်မှူး ဖာမီနိုနဲ့တွဲဖက်ပြီး ဟယ်ရီကိန်းရဲ့ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို အရယူဖို့အတွက် ခြိမ်းခြောက်နေတဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဆာလာဟာ အဓိကဗဟိုတိုက်စစ်မှူးတစ်ဦးတော့ မဟုတ်ပါဘူး။ သူဟာညာတောင်ပံမှာကစားတဲ့ တိုက်စစ်ကစားသမား သုံးဦးထဲကတစ်ဦးလို့လည်း ပြောရမှာပါ။ သူ့ရဲ့တာဝန်က တိုက်စစ်ပိုင်းသာမက ခံစစ်ပိုင်းကိုပါကူညီပေးရသူ ဖြစ်ပါတယ်။

ဒါပေမယ့် သူဟာ မန်နေဂျာ ဂျာဂျင်ကလော့ရဲ့လက်အောက်မှာတော့ အံ့အားသင့်စရာကောင်းလောက်အောင် ခြေစွမ်းပြကစားနိုင်နေတာကိုတော့ တွေ့ရမှာ ဖြစ်ပါတယ်။ သူဟာဟယ်ရီကိန်းနဲ့ ပွဲကစားတာတူညီနေပေမယ့် ပါဝင်ကစားခဲ့တဲ့ မိနစ်ကတော့ဟယ်ရီကိန်းထက် နည်းပါတယ်။ ဒါကြောင့် ဂိုးရရှိမှုမှာတော့ သူ့ရဲ့အချိုးက မိနစ် ၉၂ မိနစ်မှာ တစ်ဂိုးရရှိတာဖြစ်ပြီး ဟယ်ရီကိန်းကတော့ ၉၆ မိနစ်မှသာတစ်ဂိုးရရှိတာဖြစ်ပါတယ်။ ဒါပေမယ့် ဟယ်ရီကိန်းကတော့ စွယ်စုံရဖြစ်ပြီး ဆာလာကတော့ ၂၂ ဂိုးမှာ ဘယ်ခြေနဲ့က ၁၉ အထိရရှိထားတာဖြစ်ပြီး ညာခြေနဲ့က နှစ်ဂိုးသာရရှိထားတာဖြစ်ပါ ဖြစ်ပါတယ်။ ခေါင်းတိုက်ဂိုးကတော့ တစ်ဂိုးဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိဆာလာကစားနေတဲ့နေရာက သူနှစ်သက်တဲ့နေရာ ဖြစ်တာကြောင့် အခုခြေစွမ်းအတိုင်းသာဆက်လက်သွားမယ်ဆိုရင်တော့ ရာသီကုန်မှာတော့ သူကလည်း ရွှေဖိနပ်အတွက် မျှော်မှန်းနိုင်တဲ့သူလို့ ပြောရမှာပါ။

**အဂူရို (၂၁ ဂိုး)**

အချက်အလက်တွေအရပြောရမယ်ဆိုရင် အဂူရိုဟာ PFA ရဲ့ တစ်နှစ်တာအကောင်းဆုံးအသင်းမှာတော့ ဘယ်တုန်းကမှမပါဝင်ခဲ့တာကတော့ အံ့အားသင့်စရာပါပဲ။ သူဟာမန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်မှာ ကစားနေခဲ့တာဟာ ၇ ရာသီရှိခဲ့ပြီဖြစ်ပြီး ပရီမီယာလိဂ်ဘောလုံးသမိုင်းရဲ့ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေတဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ လက်စတာအသင်းနဲ့ပွဲမှာ လေးဂိုး သွင်းယူပေးပြီး ပရီမီယာလိဂ်မှာတော့ ၂၁ ဂိုးအထိ သွင်းယူပေးထားပြီး ဒုတိယအကြိမ်ရွှေဖိနပ်ဆုရဖို့အတွက် အခွင့်အရေးတွေရှိနေပြီလည်း ဖြစ်ပါတယ်။

သူဟာ အခုတော့ ဟယ်ရီကိန်း၊ ဆာလာတို့နှစ်ဦးနဲ့အပြိုင်ရှိနေပြီး ဂိုးကွာခြားကလည်း သိပ်မများဘူးလို့ပြောရမှာပါ။ အဂူရိုရဲ့ပွဲကစားထားမှုကလည်း ဆာလာ၊ ဟယ်ရီကိန်းတို့ထက် လေးပွဲလျော့ပါတယ်။ ဂိုးသွင်းနိုင်မှုရာခိုင်နှုန်းကတော့ ၈၅ မိနစ်မှာ တစ်ရာခိုင်နှုန်းရှိတယ်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဟယ်ရီကိန်း၊ ဆာလာတို့ထက် ဟက်ထရစ်ဂိုး ပိုသွင်းယူထားသူဖြစ်ပြီး ဟက်ထရစ်ဂိုး သုံးကြိမ်သွင်းယူထားသူဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့သွင်းဂိုးတွေကို ကြည့်တာနဲ့ သူဟာ ညာသန်တိုက်စစ်မှူး တစ်ဦးဆိုတာကတော့ထင်ရှားသလို အမြင့်ဘောကို ကျွမ်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာညာခြေနဲ့ ကန်သွင်းယူမှု ၁၅ ဂိုးအထိ ရရှိထားပြီး ခေါင်းတိုက်ဂိုးကတော့ ငါးဂိုးရရှိထားတာ ဖြစ်ပါတယ်။ ဘယ်ခြေနဲ့ကတော့ တစ်ဂိုးသာရရှိထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အဂူရိုကလည်း ဒီနှစ် ရာသီမှာတော့ ရွှေဖိနပ်အတွက် ထည့်သွင်းစဉ်းစားရမယ့်သူတစ်ဦးအဖြစ် ရှိနေတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီရဲ့ ပရီမီယာလိဂ် ရွှေဖိနပ်ရွေးချယ်ပွဲကတော့ စိတ်ဝင်စားဖွယ်ကောင်းနေတယ် လို့ပြောရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်ရာသီကုန်မှာ ဘယ်သူက ရွှေဖိနပ်ဆုရှင်ဖြစ်လာမလဲဆိုတာကိုသာ ရင်ခုန်စွာစောင့်ကြည့်ရင်း .....။



## စတီဗင်ဂျရတ်၏ချန်ပီယံလိဂ်ဂိုးသွင်းယူမှုစံချိန်ကို ဟယ်ရီကိန်း အမီလိုက်နိုင်ခဲ့



ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဂျူဗင်တပ်စ်နှင့် စပါးအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သော ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်တွင် စပါးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သူ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် အင်္ဂလန်နှင့် လီဗာပူးကွင်းလယ်ကစားသမားဟောင်း စတီဗင်ဂျရတ် တင်ထားခဲ့သည့် စံချိန်တစ်ခုနှင့် တူညီသွားခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်္ဂလန်တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် နာမည်ကျော် အင်္ဂလန်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂျရတ်၏ စံချိန်နှင့် တူညီသွားခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူသွားခဲ့သူ ကွင်းလယ်ကစားသမားဟောင်း ဂျရတ် (၃၇နှစ်) သည် ၂၀၀၈-၀၉ ခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အင်္ဂလန်ကစားသမားတစ်ဦးအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်ရာသီအတွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူအဖြစ် စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သွင်းဂိုးများကို ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်မှ စတင်ရေတွက်ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမားဟောင်း ဂျရတ်သည် ၂၀၀၈-၀၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ စတင်ကာ လီဗာပူးအသင်းအတွက် ရှစ်ပွဲပါဝင်ကစားပြီးချိန်၌ ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ ခြင်းဖြစ်ကာ တိုက်စစ်မှူး ဟယ်ရီကိန်းမှာမူ ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲ ပါဝင်ကစားပြီးချိန်၌ပင် ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်း၏ သွင်းဂိုးသည် ဂျူဗင်တပ်စ်အသင်း ဂိုးသမား ဘူဖွန်၏ နောက်ဆုံးကစားခဲ့သည့် ၆၉၄ မိနစ်ဆက်တိုက် ဂိုးသွင်းယူခံရခြင်း မရှိသည့် မှတ်တမ်းကိုလည်း အဆုံးသတ်စေခဲ့သည်ဟု ဆိုသည်။

စပါးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် ဖေဖော်ဝါရီ ၈ ရက်တွင် ဂျူဗင်တပ်စ်အသင်းအား အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ကာ ပထမအကျော့တွင် နှစ်ဂိုးစီ သရေရလဒ်ရရှိကာ အဝေးကွင်းသွင်းဂိုးများ ရရှိထားခြင်းကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် အလားအလာ ကောင်းမွန်နေပြီ ဖြစ်သည်။

**အင်္ဂလန်ကစားသမားတစ်ဦးအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်ရာသီအတွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူအဖြစ် စံချိန်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။**

---

## ဆန်းချက်ဇ်၏ အီတလီနိုင်ငံမှ အတွေ့အကြုံတစ်ခုကို ဂျာနယ်လစ် အိုလီတိုဖွင့်ဟ



မန်ယူအသင်း တောင်ပံတိုက်စစ်ကစားသမား အလက်ဇ်ဆန်းချက်ဇ်သည် အီတလီတွင် ရှိနေစဉ်အချိန်အတွင်း အိမ်သို့ပြန်ရန် ငါးမိုင်ခန့် အကွာအဝေးကို ပြေးသွားခဲ့ဖူးကြောင်း အီတလီ ဂျာနယ်လစ် အိုလီတိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ဈေးကွက်ကာလအတွင်း အာဆင်နယ်မှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူ ချီလီတောင်ပံ ကစားသမား အလက်ဇ် ဆန်းချက်ဇ်သည် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အူဒီးနီးစ်အသင်းတွင် ပါဝင်ကစားနေစဉ်အတွင်း အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂျာနယ်လစ် အိုလီတိုက မန်ယူအသင်းဝက်ဆိုက်ဘ်နှင့် တွေ့ဆုံရာတွင် “တောင်ပံကစားသမား ဆန်းချက်ဇ်ဟာ အူဒီးနီးစ်အသင်းမှာ ရှိနေစဉ်က ဒီဖြစ်ရပ်ဖြစ်ခဲ့တာပါ။ တစ်နေ့မှာ ဆန်းချက်ဇ်က အူဒီးနီးစ်အသင်းနဲ့အတူ လေ့ကျင့်မှုပြုလုပ်ပြီးတဲ့နောက် အသင်းအခြေစိုက်ရာ Udine မြို့ထဲကို ဈေးဝယ်ထွက်ခဲ့ပါတယ်။ ဒီလို ဈေးဝယ်ထွက်ရာမှာ မမျှော်လင့်ဘဲ ဆန်းချက်ဇ်ရဲ့ သော့တွေနဲ့ ကားသော့ လော့ချ်ချထားတဲ့ ကားထဲမှာ ကျန်ရစ်ခဲ့တယ်။ အခြားသူတွေဆို ဒီလိုအခြေအနေကြုံလာရင် ဘယ်လိုလုပ်မလဲဆိုတာကိုတော့ ကျွန်တော် မပြောနိုင်ပါဘူး။ ဒါပေမယ့် ဆန်းချက်ဇ်ကတော့ သူ့အိမ်ကို ပြန်ဖို့ ပြေးသွားခဲ့ပါတယ်။ ဆန်းချက်ဇ်ဟာ မြို့လယ်ကောင်ကနေပြီး ၈ ကီလိုမီတာ (၄ ဒသမ၉ မိုင်) ကွာဝေးတဲ့ နေအိမ်ဆီ ဖြည်းဖြည်းမှန်မှန်နဲ့ ပြေးသွားခဲ့တာပါ။ အူဒီးနိစ်အသင်းဝတ်စုံနဲ့ မြို့ထဲမှာ ပြေးနေတဲ့ ဆန်းချက်ဇ်ကို မြင်တွေ့ရသူတွေက ဒီမြင်ကွင်းကြောင့် အံ့အားသင့်ခဲ့ကြပြီး မီဒီယာတွေကို အကြောင်းကြားခဲ့ကြပါတယ်”ဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းတွင်လည်း ပါဝင်ကစားခဲ့ဖူးသူ ဆန်းချက်ဇ် (၂၉ နှစ်) သည် အူဒီးနိစ်အသင်းအတွက် စုစုပေါင်း ၁၁၂ ပွဲ ပါဝင်ကစားခဲ့ကာ ၂၁ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။



# အိမ်ကွင်းမှာ နိုင်ပွဲယူပြီး နောက်တစ်ဆင့်တက်မယ့် ချယ်လ်ဆီး

**အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၇ ရက်၊ ၁၈ ရက်၊ ၂၀ ရက်တို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီအပတ်အပွဲစဉ်တွေထဲမှာတော့ ချယ်လ်ဆီးနဲ့ ဟားလ်အသင်းတို့ပွဲစဉ်ဟာ စိတ်ဝင်စားစရာကောင်းတဲ့ပွဲတစ်ပွဲလို့ ပြောရမှာ ဖြစ်ပါတယ်။**

### ချယ်လ်ဆီး Vs ဟားလ်

နောက်ဆုံးတွေ့ဆုံမှု ချယ်လ်ဆီး ၂ - ၀ ဟားလ်

၂၀၁၈ အစကတည်းက ရလဒ်တွေကောင်းဖို့ ရုန်းကန်နေခဲ့ရတဲ့ ချယ်လ်ဆီးအသင်းဟာ စတန်းဖို့ဒ်ဘရစ်ချ်ကွင်းမှာ ကစားရမယ့် ဒီပွဲမှာတော့ ပရိသတ်တွေကို ပျော်ရွှင်မှုအပြည့်အဝရဖို့ လုပ်ဆောင်ပေးဖို့ကြိုးစားသွားမှာပါ။ ဒီပွဲဟာ ချယ်လ်ဆီးအသင်းအတွက်တော့ အိမ်ကွင်းအားနဲ့အတူ ချယ်လ်ဆီးအသင်းဆိုတာဟာ ဘယ်လိုအဆင့်မျိုးမှာရှိနေတယ်ဆိုတာကို ပြမယ့်ပွဲလို့လည်း ပြောရမှာပါ။ ဒီပွဲမှာတော့ ပြီးခဲ့တဲ့ ဇန်နဝါရီက ခေါ်ယူထားခဲ့တဲ့ တိုက်စစ်မှူး ဂျရူးတောင် အဓိကတိုက်စစ်မှူးအဖြစ် ပွဲထွက်လာနိုင်ပါတယ်။ ဟားလ်အသင်းကတော့ လိဂ်ချန်ပီယံရှစ်မှာတော့ တန်းဆင်းဇုန်ကနေ လွတ်ဖို့ခက်ခဲနေတဲ့အသင်း ဖြစ်ပါတယ်။ ဟားလ်အသင်းဟာ အဝေးကွင်းမှာ ရုန်းကန်ရမှာပါ။ ချယ်လ်ဆီးနိုင်မယ်။

### ဘရိုက်တန် Vs ကိုဗန်ထရီ

နောက်ဆုံးတွေ့ဆုံမှု ကိုဗန်ထရီ ၂ - ၀ ဘရိုက်တန်

ဘရိုက်တန်ဟာ ခရစ္စတဲလ်ပဲလေ့စ်၊ မစ်ဒယ်ဘရော့အသင်းတို့ကိုနိုင်ပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာလည်း ဘရိုက်တန်ရဲ့ ခြေစွမ်းပိုင်း မဆိုးဘူးလို့လည်း ပြောနိုင်ပါတယ်။ ဒါကြောင့်လည်း ဘရိုက်တန်ကတော့ အိမ်ကွင်းပွဲစဉ်မှာ အောင်ပွဲခံနိုင်ဖို့ ကြိုးစားကစားလိမ့်မယ်။ အခြားတစ်ဖက်ကို ကြည့်မယ်ဆိုရင်လည်း ကိုဗန်ထရီကတော့ အက်ဖ်အေဖလားပြိုင်ပွဲမှာ ငါးပွဲဆက်တိုက်အနိုင်ရဖို့အတွက်ကြိုးစားကစားဖို့ ရှိနေပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ကလပ် ဘရိုက်တန်ကတော့ အိမ်ကွင်းအားနဲ့ အက်ဖ်အေဖလား နောက်တစ်ဆင့်ကို တက်ရောက်ဖို့အကောင်းဆုံးရုန်းကန်ကစားနိုင်ပါတယ်။ ဘရိုက်တန်အိမ်ကွင်းမှာ ကပ်နိုင်မယ်။



### ရိုချာဒဲလ် Vs စပါး

နောက်ဆုံးတွေ့ဆုံမှု မရှိ

ရိုချာဒဲလ်ဟာ ပြီးခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်တွေမှာတော့ မီလ်ဝေါလ်၊ ဒွန်ကက်စတာ၊ စလော့၊ ဘရွန်းလေးအသင်းတို့ကို နိုင်ပြီး ပဉ္စမအဆင့်ကိုတက်ရောက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ စပါးအသင်းကတော့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ နယူးပို့အသင်းကို ဒုတိယအကျော့မှသာနိုင်ပြီး ဒီအဆင့်ကို တက်ရောက်ခဲ့တာလည်းဖြစ်ပါတယ်။ ရိုချာဒဲလ်ဟာ နယူးပို့ထက်ကောင်းတဲ့အသင်းဆိုတာကတော့ သေချာပါတယ်။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကတော ဂိုးသွင်းခြေတွေ့နေပြီး ပရီမီယာလိဂ်ရဲ့ဂိုးသွင်းအများဆုံး တိုက်စစ်မှူးအဖြစ် ရပ်တည်နေပါတယ်။ ဒီအဆင့်မှာတော့ စပါးဟာ နောက်တစ်ဆင့်တက်ဖို့အခွင့်အရေး ပိုသာနေပါတယ်။ စပါးနိုင်မယ်။

### ဟက်ဒါဖီးလ် Vs မန်ယူ

နောက်ဆုံးတွေ့ဆုံမှု မန်ယူ ၂ - ၀ ဟက်ဒါဖီးလ်

ဟက်ဒါဖီးလ်နဲ့ မန်ယူအသင်းတို့ဟာ နှစ်ပတ်အတွင်း ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံကြတဲ့ပွဲလို့ ပြောရမှာပါ။ မန်ယူ အသင်းကတော့ ဟက်ဒါဖီးလ်အသင်းကို ပရီမီယာလိဂ်မှာတော့ နှစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ယူထားနိုင်ပါတယ်။ အခုတော့ ဒီနှစ်သင်းစလုံးဟာ အက်ဖ်အေဖလားမှာ ထပ်မံတွေ့ကြပြန်ပြီ ဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ဟက်ဒါဖီးလ်အိမ်ကွင်းမှာ ထပ်မံအနိုင်ယူဖို့ဆိုတာကလည်း သံသယဖြစ်စရာတောင်မရှိပါဘူး။ ဟက်ဒါဖီးလ်အသင်းဟာ နောက်ဆုံးပရီမီယာလိဂ် ကိုးပွဲမှာဆိုရင်လည်း အနိုင် တစ်ပွဲသာရရှိထားတဲ့ အသင်းလည်းဖြစ်ပါတယ်။ မန်ယူနဲ့အတူ တိုက်စစ်မှူးဆန်းချက်ဇ်ကိုလည်း စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မန်ယူကပ်နိုင်မယ်။

### လက်စတာ Vs ရှက်ဖီးလ်ယူ

နောက်ဆုံးတွေ့ဆုံမှု ရှက်ဖီးလ်ယူ ၁ - ၄ လက်စတာ

လက်စတာအသင်းဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ထိပ်ဆုံးက မန်စီးတီးအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တာကြောင့် အက်ဖ်အေဖလား မဉ္စမအဆင့်ပြိုင်ပွဲကိုတော့ အနိုင်ရဖို့ကြိုးစားကစားလိမ့်မယ်။ အခုနောက်ပိုင်းပွဲတွေမှာ တိုက်စစ်မှူး ဗာဒီကလည်း ဂိုးသွင်းခြေပိုတွေ့လာတယ်လို့ ပြောရမယ်။ လိဂ်ချန်ပီယံရှစ်ကလပ် ရှက်ဖီးလ်ယူအသင်းကတော့ ဒုတိယရာသီဝက်ကတည်းက ရလဒ်တွေကောင်းဖို့အတွက် ရုန်းကန်နေရတဲ့အသင်းဖြစ်တယ်။ သူတို့အတွက်က အက်ဖ်အေထက် လိဂ်ချန်ပီယံရှစ်မှာ ပလေးအော့ဖ်ကစားဖို့က အရေးကြီးတယ်။ ဒါကြောင့် ဒီပွဲမှာတော့ လက်စတာအသင်း ကွာတားတက်ဖို့ အခွင့်အရေးရသွားနိုင်တယ်။ လက်စတာက ကပ်နိုင်မယ်။

### ရှက်ဖီးလ် Vs ဆွမ်ဆီး

နောက်ဆုံးတွေ့ဆုံမှု ဆွမ်ဆီး ၀ - ၀ ရှက်ဖီးလ်

ရှက်ဖီးလ်အသင်းဟာ ဒီနှစ်ရာသီမှာတော့ လိဂ်ချန်ပီယံရှစ်မှာ မျှော်လင့်ထားတာလောက် ခြေစွမ်းပြကစားနိုင်စွမ်းမရှိတဲ့ အသင်းလို့တော့ ပြောရမှာပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ အက်ဖ်အေဖလားအောက်အဆင့်တွေမှာတော့ ပြိုင်ဘက်အသင်းတွေကို လုပစွာအနိုင်ယူနိုင်ခဲ့တဲ့ ရှက်ဖီးလ်ကိုတော့ လျှော့တွက်လို့ မရတာတော့အမှန်လို့ ပြောရမှာပါ။ ဒါ့အပြင် အက်ဖ်အေဖလား ပြိုင်ပွဲတွေမှာတော့ အိမ်ရှင်တွေက အားသာလေ့ရှိပါတယ်။ ဆွမ်ဆီးအသင်းဟာ နော့ကောင်တီကို ရှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာကိုတော့ ပရိသတ်တွေမမေ့သေးပါဘူး။ ဒါပေမယ့် ဒီပွဲမှာတော့ အနိုင်ရအောင် ကစားနိုင်ဖို့ကတော့ မလွယ်ပါဘူး။ အဝေးကွင်းမှာ ရုန်းကန်ရနိုင်တယ်။ ရှက်ဖီးလ်အိမ်ကွင်းမှာ ကပ်နိုင်မယ်။

### ဝက်စ်ဘရွန်း Vs ဆောက်သမ်တန်

နောက်ဆုံးတွေ့ဆုံမှု ဝက်စ်ဘရွန်း ၂ - ၃ ဆောက်သမ်တန်

ဝက်စ်ဘရွန်းနဲ့ ဆောက်သမ်တန်တို့ နှစ်သင်းစလုံးဟာ ပရီမီယာလိဂ်မှာတော့ တန်းဆင်းဇုန်ကနေလွတ်ဖို့အတွက် အပြင်းအထန်ကြိုးစားနေရတဲ့အသင်းတွေ ဖြစ်ပါတယ်။ ဝက်စ်ဘရွန်းကတော့ ပြီးခဲ့တဲ့အဆင့်မှာ လီဗာပူးလို အသင်းမျိုးကို နိုင်ခဲ့တာကြောင့် ပရိသတ်တွေရဲ့စိတ်ထဲမှာတော့ ဝက်စ်ဘရွန်းအသင်းကို ပိုမိုအားသာနေမှာပါ။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ဖူလ်ဟမ်၊ ဝက်ဖို့ဒ်တို့ကိုနိုင်ပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် အက်ဖ်အေဖလားနောက်ဆုံးကစားခဲ့တဲ့ သုံးပွဲလုံးလည်း ပေးဂိုးမရှိခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆောက်သမ်တန်ဟာအဝေးကွင်းမှာ အလျှော့ပေးသွားစရာတော့ မရှိဘူး။ သရေကျမယ်။

### ဝီဂန် Vs မန်စီးတီး

နောက်ဆုံးတွေ့ဆုံမှု မန်စီးတီး ၁ - ၂ ဝီဂန်

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်အမှတ်ဇယားရဲ့ထိပ်ဆုံးမှာ ရပ်တည်နေသလို ဝီဂန်အသင်းကလည်း လိဂ်ဝမ်းရဲ့ထိပ်ဆုံးမှာ ရပ်တည်နေတဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဝီဂန်အသင်းဟာ လိဂ်ချန်ပီယံရှစ်ကို တန်းတက်ရဖို့အတွက် လိဂ်ဝမ်းပွဲစဉ်တွေကိုပဲ အဓိကအာရုံစိုက်ထားမှာလည်း သေချာပါတယ်။ အခြားတစ်ဖက်မှာကတော့ မန်စီးတီးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့လက်စတာအသင်းနဲ့ပွဲကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ထားပြီး ကစားသမားတွေသာမက ပရိသတ်တွေကလည်း ပျော်ရွှင်မှုတွေ ရခဲ့ကြတယ်။ ဒါ့အပြင် မန်စီးတီးအသင်းရဲ့ လက်ရှိတိုက်စစ်ပိုင်းကလည်း အကောင်းဆုံးရှိနေတယ်။ မန်စီးတီးဟာ ဒီပွဲကိုအနိုင်ကစားပြီးနောက် တစ်ဆင့်တက်လိမ့်မယ်။ မန်စီးတီးနိုင်မယ်။

## ပေါ်တူဂီနိုင်ငံသား ခံယူရန် ဘာစီလိုနာကစားသမား ကော်တင်ညိုစီစဉ်

ထက်အောင်



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် ဗိုဖာကမ္ဘာ့ဖလားပြိုင်ပွဲ မကျင်းပမီတွင် ပေါ်တူဂီနိုင်ငံသားအဖြစ် ခံယူသွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘရာဇီးကစားသမား ကော်တင်ညိုသည် ဘာစီလိုနာအသင်း၏ အီးယူပြင်ပနိုင်ငံများမှ ကစားသမား သုံးဦးအနက် တစ်ဦးအပါအဝင် ဖြစ်သည်။ ဘာစီလိုနာအသင်းတွင် အီးယူပြင်ပနိုင်ငံမှ ကစားသမား သုံးဦးပြည့်နေပြီ ဖြစ်သောကြောင့် ဘာစီလိုနာအသင်းအနေဖြင့် နောက်ထပ် အီးယူပြင်ပနိုင်ငံတစ်ခုမှ ကစားသမားသစ်တစ်ဦး ထပ်မံခေါ်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုက ဘာစီလိုနာအသင်းက အီးယူပြင်ပနိုင်ငံမှ ကစားသမားတစ်ဦး ခေါ်ယူနိုင်ရေးအတွက် ပေါ်တူဂီနိုင်ငံသား ခံယူသွားရန် အဆင်သင့်ရှိနေခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခဲ့သူ ကော်တင်ညိုက ဘာစီလိုနာမြို့အခြေစိုက် Mundo Deportivo သတင်းစာနှင့် တွေ့ဆုံရာတွင် “ကျွန်တော်က ဇနီးသည်နဲ့ ပတ်သက်ပြီး ပေါ်တူဂီနိုင်ငံသားအဖြစ် ခံယူခွင့်ရှိနေပါတယ်”ဟု ပြောဆိုခဲ့သည်။

ကော်တင်ညို၏ ဇနီးဖြစ်သူ အိုင်နီသည် ပေါ်တူဂီနိုင်ငံသူ တစ်ဦးဖြစ်ကာ ကော်တင်ညိုနှင့် အိုင်နီတို့သည် ၂၀၁၂ ခုနှစ် နွေရာသီအတွင်းတွင် ဘရာဇီးနိုင်ငံ၌ လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ကော်တင်ညိုသည် ဇနီးအိုင်နီနှင့် လက်ထပ်ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပြီဖြစ်သောကြောင့် ဥပဒေအရ ကော်တင်ညိုသည် ပေါ်တူဂီနိုင်ငံသားအဖြစ် ခံယူခွင့်ရှိနေခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုသည် ဘာစီလိုနာအသင်းအနေဖြင့် အီးယူပြင်ပမှ ကစားသမားသစ်တစ်ဦး ခေါ်ယူနိုင်ရေးအတွက် ပေါ်တူဂီနိုင်ငံသားအဖြစ် ခံယူရန်ရှိသော်လည်း ပေါ်တူဂီလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားမည်မဟုတ်ဘဲ ဘရာဇီးလက်ရွေးစင်အတွက်သာ ဆက်လက်ပါဝင်ကစားသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ကော်တင်ညိုသည် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ဘရာဇီးလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားခဲ့သူ ဖြစ်ကာ နိုင်ငံအသင်းအတွက် စုစုပေါင်း ၃၃ ပွဲ ပါဝင်ကစားထားပြီး ရှစ်ဂိုး သွင်းယူထားသူဖြစ်သည်။

ဘာစီလိုနာအသင်းတွင် ကော်တင်ညိုအပြင် အီးယူပြင်ပကစားသမားအဖြစ် ဘရာဇီးကွင်းလယ်ကစားသမား ပေါလင်ညိုနှင့် ကိုလံဘီယာဗဟိုခံစစ်မှူး မီနာတို့ရှိနေခြင်းဖြစ်ကာ ကော်တင်ညိုအနေဖြင့် ပေါ်တူဂီနိုင်ငံသားအဖြစ် ခံယူပြီးပါက ဘာစီလိုနာအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်ကာလအတွင်းတွင် ဂရီမီယိုအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အာသာမီလို (၂၁နှစ်)အား ခေါ်ယူရန် အခွင့်အရေးရှိလာမည် ဖြစ်သည်။

# တက္ကသိုလ်များ(နေပြည်တော်)၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံစစ်ပညာ(ပထမနှစ်)သင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်များ၏ ၂၀၁၇-၂၀၁၈ တက္ကသိုလ်ပညာသင် နှစ် တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အခြေခံစစ်ပညာ(ပထမနှစ်) သင်တန်း ဖွင့်ပွဲ ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က မိန့်ခွန်းပြောကြားပြီး ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနန်းဆိုင်ဟွမ်တို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်များရှိ ဆရာ ဆရာမများနှင့် ၂၀၁၇-၂၀၁၈ တက္ကသိုလ်ပညာသင်နှစ် ကျောင်းသား ကျောင်းသူ သင်တန်းသားတပ်ဖွဲ့ဝင်ဦးရေ ၃၄၅ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး အမှတ်(၆)တက္ကသိုလ် လေ့ကျင့်ရေးတပ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



သင်တန်းဖွင့်လှစ်ပို့ချခြင်း ရည်ရွယ်ချက်မှာ လက်ရှိ အပျော်တမ်းတပ်ဖွဲ့ဝင်များဖြစ်သော တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ၎င်းတို့၏အရည် အချင်းနှင့် သင့်လျော်ကိုက်ညီသော စစ်ပညာသင်တန်း ပေးပြီး နိုင်ငံတော်တွင် အရေးပေါ်အခြေအနေကြုံတွေ့ လာပါက လေ့ကျင့်သားပြည့်ဝသော အရန်အင်အားစု တစ်စု တည်ဆောက်ရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် များ ပိုမိုရင့်သန်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်လေ့ကျင့် ပေးနေခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင် ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ယခု သင် တန်းကို တက်ရောက်ခြင်းဖြင့် နိုင်ငံတော်ကာကွယ် ရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်စွာရရှိမည်ဖြစ် သည့်အပြင် အနာဂတ်နိုင်ငံတော်၏တာဝန်များကို ကျရာ နေရာဒေသအသီးသီးမှ ထမ်းဆောင်သည့်အခါ အတိုင်း အတာတစ်ခုအထိ နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-အိမ်မှူးမေ**

# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်တွင် ပြည်နယ်ရဲတပ်ဖွဲ့က ပြခန်းယာဉ်ဖြင့် ပညာပေးပြသ

**ဘားအံ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ်အစိုးရက ကြီးမှူး၍ ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းအတွင်း၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်ထိ လေးရက်ကြာ ကျင်းပပြီး ကရင်၊ ရှမ်း၊ မွန်၊ ဗမာ၊ ပအိုဝ်း တိုင်းရင်းသားတို့၏ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပြခန်းပေါင်း ၇၀ ခန်း၊ ဖျော်ဖြေရေးအဖွဲ့ ၇၈ ဖွဲ့တို့ဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ရာတွင် လာရောက်ကြည့်ရှုသူများ မှုခင်းအသိပညာများရရှိစေရန်အတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့ကလည်း မှုခင်း အသိပညာပေးပြခန်းယာဉ်ဖြင့် လေးရက်စလုံး ပြသ၍ ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြသသည့် မှုခင်းအသိပညာပေး ပြခန်းယာဉ်တွင် ဒုတိယရဲမှူးရဲထွန်းဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးရဲမေများ၊ အမှတ်(၁၀) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်ကျော်ဝင်း ဦးစီးသည့် အဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စု(၃၁)ဘားအံမှ ဒုရဲအုပ်မင်းကိုကို ဦးစီးသည့်အဖွဲ့၊ အမှတ်(၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုရဲအုပ်နိုင်အောင်လင်း ဦးစီးသည့် အဖွဲ့တို့က နေ့စဉ်ပွဲတော်သို့လာရောက်သည့် ထောင်နှင့်ချီသော ပြည်သူများအား မှုခင်းကျူးလွန်ရေးဆိုင်ရာများ အသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# အင်းတော်ကြီးကန်အတွင်း ငှက်မျိုးစိတ်ပေါင်း ၁၀၅ မျိုးအထိ တွေ့ရှိထား

**မိုးညှင်း ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ အင်းတော်ကြီးကန် အတွင်း ငှက်မျိုးစိတ်စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို သဘာဝဝန်းကျင်နှင့် သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာန နှင့် Friends of Wildlife– FoW အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ရာ ငှက်မျိုး စိတ်ပေါင်း ၁၀၅ မျိုးအထိ တွေ့ရှိထားကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ၂၀၁၇ ဧပြီလမှ စတင်၍ နမ့်ပဒဲရွာ၊ မမုန်ကိုင်ရွာ၊ လယ်ပုံလေးရွာနှင့် နန့်မောက္ကန်ရွာများတွင်ရှိသော တံငါသည် ငါးဦးစီအား ဖမ်းဆီးရမိသည့် ငှက်မျိုးစိတ်၊ စုစုပေါင်းအလေးချိန်များကို မှတ်တမ်းတင်ခြင်းနည်းဖြင့် ဒီဇင်ဘာလအထိ ခြောက်ကြိမ်ဆောင်ရွက်ခဲ့ရာ ငှက်မျိုးစိတ်ပေါင်း ၁၀၅ မျိုးရှိသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အင်းတော်ကြီးကန်မှာ ငှက်မျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကိုတော့ ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာမှာ အင်းတော်ကြီးကန်မှာ ငါးမဖမ်းရနေရာတွေနဲ့ ငါးမျိုးစိတ်ပြန့်ပွားရေးဇုန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်၊ ငါးထိန်းသိမ်းရေး (ငါးမျိုးစိတ်ပြန့်ပွားရေး)ဇုန်များနှင့် ဆက်စပ်ရေယာများအတွင်း တစ်လကို ၁၅ ရက်စီ စောင့်ကြပ် လှည့်လည်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အင်းတော်ကြီးဒေသအတွင်း ရှမ်း၊ ကချင်၊ ကဒူး၊ ကနန်းနှင့် ဗမာလူမျိုးများ နေထိုင်ကြပြီး ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကာ ကျေးရွာ ၁၇ ရွာရှိ ရေလုပ်သား ၅၄၆ ဦးက နှစ်စဉ်ငါးပိဿာချိန် သုံးသိန်းကျော်ကို အင်းတော်ကြီးကန်မှ ရှာဖွေဖမ်းဆီးကာ ဒေသခံ ပြည်သူများအတွက် အထောက်အပံ့ပေးလျက် ရှိကြောင်း သိရသည်။

ကန်အတွင်းမှ ငါးမျိုးစိတ်များထိန်းသိမ်းရေးနှင့် နှစ်စဉ်မပျက် ငါးထုတ်လုပ်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးအဖွဲ့တို့က အင်းတော်ကြီးကန်အတွင်း ငါးမဖမ်းရနယ်မြေများကိုလည်း စနစ်တကျ သတ်မှတ်ဆောင်ရွက်ထားရှိရာ အင်းတော်ကြီး ရွှေမဥ္ဇူစေတီတော်နှင့် ပတ်လည်ကိုက် ၁၀၀၊ ရွှေတောင်ချောင်း-ဘိုးဘိုးကြီးနတ်နန်း-တောင်ခြေမဝါးချောင် သုံးပွင့်ဆိုင်နေရာတွင် တစ်မိုင်ပတ်လည်၊ နန့်စမ်းသာချောင်း၊ နန့်ရင်းခချောင်းနှင့် နန့်ဖောင်စင်ချောင်းများနှင့် ကိုက် ၂၂၀ ပတ်လည်တို့ကို ငါးမဖမ်းရ နယ်မြေများအဖြစ် သတ်မှတ်ထားရှိပြီး သတိပေးတားမြစ်ချက်များ ထုတ်ပြန်ထားကာ တွေ့ရှိပါက ရေချိုငါးအက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**





# ဗကသဥက္ကဋ္ဌပုံ ဗိုလ်ချုပ်ကြေးရုပ် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း၏ ပုံတူကြေးရုပ် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြကန်သာပန်းခြံ၌ ဖေဖော်ဝါရီ ၁၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဗိုလ်ချုပ်ကြေးရုပ် ဖွင့်ပွဲသို့ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဗိုလ်ချုပ်ကြေးရုပ်တုကို ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ နိုင်ငံတစ်နံတစ်လျားမှာ ဗိုလ်ချုပ်ရုပ်တုတွေ ဖွင့်လှစ်နေကြပါတယ်၊ ဗိုလ်ချုပ်ကြေးရုပ်တွေဟာ မြင်းစီးနေပုံ၊ ကိုယ်တစ်ပိုင်းပုံ၊ ယူနီဖောင်းနဲ့ပုံတွေ များပါတယ်၊ ဒီကနေ့ သာကေတမှာဖွင့်တဲ့ ဗိုလ်ချုပ်ရုပ်တုကတော့ မတူကွဲပြားတဲ့ပုံပါ၊ ဗကသဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ပုံပါ၊ ဒီလို ဗိုလ်ချုပ်ရဲ့ဘဝကို ထုဆစ်တဲ့နေရာမှာ ဗကသဥက္ကဋ္ဌပုံကို ရွေးချယ်ထုဆစ်ခဲ့တဲ့အတွက်လည်း အထူးပဲကျေးဇူးတင်ပါတယ်"ဟု ဦးဉာဏ်ဝင်းက ပြောသည်။

ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက "၂၀၁၅ ရွေးကောက်ပွဲအပြီး မြို့နယ်အတော်များများမှာ ဗိုလ်ချုပ်ကြေးရုပ်တွေ ဖွင့်လှစ်ဖို့ ကြိုးပမ်းလာချိန်မှာ ကျွန်တော်တို့မြို့မှာလည်း ဗိုလ်ချုပ်ကြေးရုပ်တုတစ်ခု ထားရှိသင့်တယ်လို့ ညှိနှိုင်းတိုင်ပင်ကြရာမှ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၆ ရက်မှာ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းပြီး အများပြည်သူထည့်ဝင်ငွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်၊ ဗိုလ်ချုပ်ကြေးရုပ်ထုလုပ်ဖို့ စဉ်းစားတဲ့အခါမှာလည်း တစ်နိုင်ငံလုံးမှာ ထုလုပ်ခြင်းမရှိသေးတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ထိုင်နေပုံကို ထုလုပ်ဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့ကြပါတယ်"ဟု ပြောသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်ကို မန္တလေးမြို့ ကြေးသွန်းရုပ်ရှိ တပ္ပဝတီဦးလှမြင့်၏သား ကိုအောင်မိုးက ကြေးသွန်းဆရာအဖြစ် ကြီးကြပ်လုပ်ကိုင်ပေးခဲ့ကြောင်း၊ ကြေးပိဿာချိန် ၂၅၀ ခန့်ရှိပြီး အမြင့် ၈ ပေ၊ အောက်ထိုင်ခုံအမြင့် ၄ ပေရှိကာ ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်ပုံဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**




**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ KOPIA Project အစီအစဉ်ဖြင့် ဆောင်ရွက်သည့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်မျိုး စေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ ပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပစဉ်။** မြို့နယ်(ပြန်/ဆက်)

# မြန်မာအမျိုးသားလေကြောင်းလိုင်း ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တိုက်ရိုက်ပျံသန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**
မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံဖူးခက်မြို့သို့ တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် အပတ်စဉ် တနင်္ဂနွေနှင့် သောကြာနေ့များတွင် စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ဖူးခက်မြို့သို့ မြန်မာနိုင်ငံမှ သွားရောက်ရာတွင် ရန်ကုန်မြို့မှ ဗန်ကောက် မြို့သို့ လေကြောင်းခရီးဖြင့်သွားရပြီး ဗန်ကောက်မှတစ်ဆင့် ဖူးခက်မြို့သို့ အခြားလေကြောင်းလိုင်းများဖြင့် သွားရောက်ရသည်။ ယခုအခါ မြန်မာအမျိုးသား လေကြောင်းလိုင်းက ခရီးသည် ၁၀၀ လိုက်ပါစီးနင်းနိုင်မည့် Embraer-190 လေယာဉ်ဖြင့်လည်းကောင်း၊ ခရီးသည် ၁၆၄ ဦး စီးနင်းလိုက်ပါနိုင်မည့် Boeing 737-800 လေယာဉ်ဖြင့်လည်းကောင်း ဖူးခက်မြို့သို့ တိုက်ရိုက် စတင်ပျံသန်း ပြေးဆွဲခြင်းဖြစ်ကာ ရန်ကုန်-ဖူးခက်-ရန်ကုန် အသွားအပြန် ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၅၀ ကျသင့်မည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ယခင်က ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ဗန်ကောက်၊ ရန်ကုန် - ဟောင်ကောင်၊ ရန်ကုန်-ချင်းမိုင် ခရီးစဉ်များကို ပျံသန်း ပြေးဆွဲလျက်ရှိရာ ယခု စတင်ပြေးဆွဲသည့် ရန်ကုန်-ဖူးခက် ခရီးစဉ်သည် အဆိုပါ လေကြောင်းလိုင်း၏ ပဉ္စမမြောက် နိုင်ငံတကာလေကြောင်းခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## ပြည်ထောင်စုနေ့အခမ်းအနား မြို့နယ်များ၌ ကျင်းပ

**ငပုတော ဖေဖော်ဝါရီ ၁၅**
ငပုတောမြို့နယ်၌ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က သိမ်တော်ကြီးလမ်းရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ဖတ်ကြားပြီး ပြည်ထောင်စုနေ့အကြို အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

ငပုတောမြို့နယ်၏ ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြခန်းဖွင့်လှစ်၍ ပြည်ထောင်စုနေ့အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများနှင့် အများပြည်သူ သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ဝေဝေဆာဆာ ပြသခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့သည်။ ထို့အပြင် အခမ်းအနားသို့ တက်ရောက်လာသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**လှမင်းထွန်း(ပြန်/ဆက်)**




**တနိုင်း**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့တွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကင်ဆားရာရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပြည်သူများ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က ဖတ်ကြားသည်။ ထို့နောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် စာစီစာကုံး၊ ပုံပြော၊ ဆေးရောင်ခြယ်နှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ရွှေတောင်**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ လွတ်လပ်ရေး ကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ဖတ်ကြားသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုအသီးသီးချီးမြှင့်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ညောင်တုန်းမြို့မဈေးမှ စားသောက်ကုန်များကို ရှောင်တခင်ကွင်းဆင်းစစ်ဆေး

**ညောင်တုန်း ဖေဖော်ဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ စည်ပင်သာယာမြို့မဈေးကြီးနှင့် (၈)လမ်းဈေးတို့တွင် ရောင်းချနေသော စားသောက်ကုန်များကို တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ဦးဆောင်သည့် အဖွဲ့များက ရှောင်တခင်ကွင်းဆင်း စစ်ဆေးခြင်းနှင့် ဈေးကွက်နမူနာကောက်ယူခြင်းများ ဖေဖော်ဝါရီ ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။



စားသုံးရန်မသင့်သော ဆိုးဆေးပါစားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိနှင့် စားသောက်ကုန်ပစ္စည်းများတွင် ဖော်မလင်၊ ဓာတုဗေဒဆေးဝါးများ သုံးစွဲရောင်းချခြင်းရှိ/မရှိတို့ကို စစ်ဆေးရန် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ယခုလို ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထွန်းကျော်က ပြောကြားသည်။

ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းကို တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနနှင့် အတူ မြို့နယ်ထွေ/အုပ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်းပြီး စစ်ဆေး ဆောင်ရွက်ခဲ့သည်။

ရှောင်တခင်စစ်ဆေးရာတွင် ဈေးများအတွင်းမှ အစားအသောက် ကုန်ပစ္စည်းအမျိုးအစား ၅၄ မျိုးကို စမ်းသပ်စစ်ဆေးရန် နမူနာယူပြီး ညောင်တုန်းမြို့မ ဈေးခေါင်းရုံးတွင် ၂၈ မျိုးကို စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတုဗေဒဆေးဝါးများ သုံးစွဲရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျန်ရှိနေသည့် စားသောက်ကုန် ပစ္စည်းများကိုမူ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ရုံးတွင် ဆက်လက်၍စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညောင်တုန်း (ပြန်/ဆက်)**

## သွေးလှူရှင် ဂုဏ်ပြုပွဲကျင်းပ

**ဖောင်းပြင် ဖေဖော်ဝါရီ ၁၅**
ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဖောင်းပြင်မြို့နယ် ကြက်ခြေနီအသင်းနှင့် မေတ္တာဖြူစင် သွေးလှူရှင်အသင်းတို့ ပူးပေါင်း၍ သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ဖောင်းပြင်မြို့ အောင်မင်္ဂလာဇာတ်ရုံတော်ကြီး၌ ကျင်းပခဲ့သည်။

သွေးလှူရှင်ဂုဏ်ပြုပွဲတွင် မေတ္တာဖြူစင် သွေးလှူရှင်အသင်း နာယကဆရာတော်က သြဝါဒချီးမြှင့်ပြီး ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာသန့်ဇင်ထွန်းက ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးစကားများ ပြောကြားကာ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးကျော်ဆန်းအောင်နှင့် မေတ္တာဖြူစင် သွေးလှူရှင်အသင်း ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က အသင်း၏ သွေးကူညီမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သွေးလှူရှင်များအား မေတ္တာဖြူစင် သွေးလှူရှင် ဂုဏ်ပြုကတ်နှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်၍ ဂုဏ်ပြုခဲ့သည်။

**ဟန်ထွန်း(ပြန်/ဆက်)**

## ရော်ဘာအစေးလှီးနည်းစနစ် မှန်ကန်စေရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**ဖာပွန် ဖေဖော်ဝါရီ ၁၅**
ကရင်ပြည်နယ် ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ဒေသခံ ရော်ဘာစိုက်တောင်သူများ၏ ရော်ဘာအစေးလှီးစနစ် မှန်ကန်စေရေးအတွက် နည်းပညာပေး သင်တန်းကို ကမမောင်းမြို့ ပုဇွန်မြောင်းကျေးရွာအုပ်စု တောင်သူဦးသန်းရွှေ၏ ရော်ဘာခြံ၌ ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်သင်ကြားပေးသည်။



သင်တန်းဖွင့်ပွဲတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသက်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ တောင်ပေါ်ဒေသတွင် နေထိုင်သူများအား အလုပ်ကိုင်အခွင့်အလမ်း ရရှိလာမည့် သက်မွေး ရော်ဘာအစေးလှီး နည်းပညာနှင့် ခြောက်သွေ့ရာသီတွင် ရော်ဘာခြံများ မီးအန္တရာယ်ကင်းရှင်းစေရေး နည်းပညာများကို ရှင်းလင်းပြောကြားကာ ပုဇွန်မြောင်းကျေးရွာ ကျေးရွာစာကြည့်တိုက်တွင် ထားရှိရန်အတွက် စိုက်ပျိုးရေးနည်းပညာပေး စာအုပ်များကို အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်း ရော်ဘာစိုက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ဧက ၄၀ ရာခိုင်နှုန်းခန့်မှာ အစေးလှီးနေပြီဖြစ်ရာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ဒေသခံများ အလုပ်အကိုင်အခွင့် အလမ်း တိုးတက်လာစေရေးအတွက် သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသို့ ရော်ဘာခြံရှင်များနှင့် အစေးလှီးမည့်အလုပ်သမားများ စုစုပေါင်း သင်တန်းသား ၇၈ ဦး တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်အထိ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

## လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမှု သင်တန်းဖွင့်

**ဖြူး ဖေဖော်ဝါရီ ၁၅**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း လက်မှုလယ်ယာမှစက်မှု လယ်ယာသို့ ပြောင်းလဲရာတွင် အထောက်အကူပြုစေရန်နှင့် တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ထိရောက်စွာမောင်းနှင်တတ်စေရန် ရည်ရွယ်၍ ညောင်ပင်သာဒေသ အမှတ်(၈၇)စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာ အခြေခံမောင်းနှင်ထိန်းသိမ်းမှု သင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် အမှတ်(၈၇)ထွန်စက်စခန်းမှ ဦးစီးအရာရှိ ဦးသိန်းဝင်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါသင်တန်းသို့ တောင်သူလယ်သမား သင်တန်းသား ၃၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ဖြစ်ပြီး သင်ခန်းစာများကို သင်တန်းဆရာ ငါးဦးက စာတွေ့ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းနှင့် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**သရက်ချောင်း ဖေဖော်ဝါရီ ၁၅**
သရက်ချောင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီကကြီးမှူးကျင်းပခဲ့သော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်း (ဖိတ်ခေါ်) ပိုက်ကျော်ခြင်းနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို သရက်ချောင်းမြို့နယ် မြို့မအားကစားခန်းမဆောင်၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်မြောင်းအသင်းနှင့် ပိန်းတောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျောက်မြောင်းအသင်းက အနိုင်ရရှိခဲ့ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထက သရက်ချောင်းကျောင်းဝင်းအတွင်း ယှဉ်ပြိုင်ကစားခဲ့ကြရာ ထားဝယ်အသင်းက ဝင်းဝအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပိုက်ကျော်ခြင်းနှင့် ဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရသည့်အသင်းများနှင့် နေရာအလိုက် အကောင်ဆုံးဆု ရရှိသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကာ ပထမဆုများရရှိကြသော ထားဝယ် ဖူဆယ်အသင်းနှင့် ကျောက်မြောင်းပိုက်ကျော်ခြင်းအသင်းအား တံခွန်စိုက်ဆုဖလားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက ပေးအပ်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သရက်ချောင်းမြို့နယ်အတွင်း ကျေးရွာများမှ အသင်း ၁၆ သင်းနှင့် ဖူဆယ်ပြိုင်ပွဲတွင် အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## စက္ကူ၊ မင်၊ ပလိတ်၊ ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် ပုံနှိပ်စက် စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပလိတ်၊ ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း များနှင့် ပုံနှိပ်စက် စက်အရန်ပစ္စည်းများကို နိုင်ငံခြား ငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ သည်-

| | | | |
|---|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀"(Standard)45Gsm | - ၄၀၀၀တန် | နိုင်ငံခြားငွေ |
| (ခ) | Web Ink(Black) | - ၅၀၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (ဂ) | Web Ink(Cyan) | - ၁၀၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (ဃ) | Web Ink(Magenta) | - ၁၀၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (င) | Web Ink(Yellow) | - ၁၅၀၀၀ကီလို | မြန်မာကျပ်ငွေ |
| (စ) | Fountain Solution | - ၅၀၀၀လီတာ | မြန်မာကျပ်ငွေ |
| (ဆ) | Sheet Fed Ink(Black) | - ၂၅၀ကီလို | မြန်မာကျပ်ငွေ |
| (ဇ) | CTP Palte(Fuji System) (889x609x0.3)mm | - ၁၂၃၀၀ချပ် | မြန်မာကျပ်ငွေ |
| (ဈ) | CTP Palte(Kodak System) (889x577x0.3)mm | - ၂၀၀၀၀ချပ် | မြန်မာကျပ်ငွေ |
| (ည) | CTP Palte(Kodak System) (889x609x0.3)mm | - ၅၂၀၀၀ချပ် | မြန်မာကျပ်ငွေ |
| (ဋ) | CTP Palte(Kodak System) (889x574x0.3)mm | - ၁၆၆၀၀ချပ် | မြန်မာကျပ်ငွေ |
| (ဌ) | Developer(Kodak System) | - ၃၀၀၀လီတာ | မြန်မာကျပ်ငွေ |
| (ဍ) | Ortho Film(22"x32") | - ၂၈ ဘူး | မြန်မာကျပ်ငွေ |
| (ဎ) | Developing Lacquer | - ၃၃၀လီတာ | မြန်မာကျပ်ငွေ |
| (ဏ) | Plate Cleaner | - ၅၀၀လီတာ | မြန်မာကျပ်ငွေ |
| (တ) | Gum Arabic | - ၁၀၀၀လီတာ | မြန်မာကျပ်ငွေ |
| (ထ) | Orient X-Cel (Cut Off size 578 mm/546mm) | - ၇၂မျိုး | မြန်မာကျပ်ငွေ |
| (ဒ) | Orient Super (Cut Off size 578 mm) | - ၂၅မျိုး | မြန်မာကျပ်ငွေ |
| (ဓ) | Koncept(Cut Off size 578 mm) | - ၂၉မျိုး | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၆-၂-၂၀၁၈ရက်မှ ၁၆-၃-၂၀၁၈ ရက် အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါတစ်စောင်လျှင် ကျပ် ၅၀၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအတွက် တင်ဒါ တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်စက် စက်အရန်ပစ္စည်းများတင်ဒါတစ်စောင်လျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၃-၂၀၁၈ရက် နံနက် ၉ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ပစ္စည်းခန့်မှန်းတန်ဖိုး ၁%အား မြန်မာနိုင်ငံတော်ဗဟို ဘဏ်၏အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၃၄၁၂၁၂၃၊** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| **၀၆၇-၃၄၁၂၀၂၈** | **ဖုန်း-၀၆၇-၃၄၁၂၃၉၀** |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## လူတွေ့အောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ်(၀၁၈/၂၀၁၈)
## ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ-၂ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လူတွေ့အောင်မြင်ခဲ့သူများ၏ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**(EP) ဘာသာရပ်**

| | | | | | | |
|---|---|---|---|---|---|---|
| EP-8 | EP-15 | EP-27 | EP-32 | EP-80 | EP-87 | EP-90 |
| EP-106 | EP-172 | EP-224 | EP-225 | EP-232 | EP-247 | EP-273 |
| EP-277 | EP-315 | EP-321 | EP-337 | EP-346 | EP-408 | EP-476 |
| EP-478 | EP-488 | EP-492 | EP-499 | EP-502 | EP-510 | EP-522 |
| EP-524 | EP-579 | EP-588 | EP-618 | EP-671 | EP-699 | EP-769 |
| EP-779 | EP-785 | EP-791 | EP-827 | | | |

**(EC) ဘာသာရပ်**

| | | | | | |
|---|---|---|---|---|---|
| EC-35 | EC-39 | EC-82 | EC-114 | EC-117 | EC-120 |

**(MP/MC) ဘာသာရပ်**

| | | | | | |
|---|---|---|---|---|---|
| MP/MC-5 | MP/MC-9 | MP/MC-24 | MP/MC-40 | MP/MC-70 | MP/MC-99 |

၂။ လူတွေ့အောင်မြင်သူများသည် ၂၆-၂-၂၀၁၈ ရက် ၁၅း၃၀ နာရီထက် နောက်မကျစေဘဲ စီမံခန့်ခွဲရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)၊ ၂၇ လမ်း၊ ၇၇×၇၈ လမ်းကြား၊ မန္တလေးမြို့သို့ လူကိုယ်တိုင်လာရောက် သတင်းပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ ကျန်းမာရေးဌာန၏ ထောက်ခံချက်မူရင်း-၁ စောင်၊ မိတ္တူ-၂ စောင်အား ယူဆောင်လာ၍ ကတိဝန်ခံချက်စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုရာတွင် အာမခံလက်မှတ်ရေးထိုးရန် ပုဂ္ဂိုလ် (၂)ဦးအား ခေါ်ဆောင်လာရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်တွင် သတင်းပို့ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မွေးနေ့ဆုတောင်း

ယနေ့မှာ ကျရောက်တဲ့ ချစ်ဇနီး ဒေါ်ဇာဖြူတင်စိုး (MD, mySpace International Co.,Ltd)ရဲ့ နှစ်(၄၀)မြောက် မွေးနေ့မှသည် ဘဝတစ်လျှောက်လုံးချစ်တဲ့ မိသားစုနဲ့အတူ ပျော်ရွှင်သာယာတဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေလို့....

**ချစ်ဖေကြီး** - ဒေါက်တာကျော်ကျော်ထွန်း(Director,MS Industrial .Pte.Ltd,Singapore)

**သားကြီး** - မောင်ကောင်းဇင်ဟိန်း (တူတူး) Secondary I,ILBC

**သားငယ်** - မောင်လျှမ်းထက်ကျော် (ဂျူဂျူး) Primary VI,ILBC

## တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကျောင်းသူကျောင်းသားများအတွက်
## AIT (Asian Institute of Technology)
### မှ Unified Program အရ ချီးမြှင့်မည့်
### ME (Civil Engineering) နှင့် ME (Information Technology)
## မဟာဘွဲ့သင်တန်းတက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ AIT (Asian Institute of Technology) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ထူးချွန်ကျောင်းသူ၊ ကျောင်းသားများအတွက် မဟာဘွဲ့သင်တန်းများ တက်ရောက်နိုင်ရန် အထူးသင်တန်းဖြစ်ပါသည်။

၂။ စုစုပေါင်းသင်တန်းကာလ (၅)နှစ်ကို အောက်ပါအတိုင်း တက်ရောက်ရမည်ဖြစ်ပါသည်။

| | သင်တန်းကာလ | သင်တန်း |
|---|---|---|
| (က) MCC Institute | (၂)နှစ် | ပထမနှစ်နှင့် ဒုတိယနှစ် |
| (ခ) SIAM University | (၁ နှစ် ၆ လ) | BE , B.Sc ဘွဲ့ |
| (ဂ) AIT | (၁ နှစ် ၆ လ) | ME ဘွဲ့ |

၃။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ကျောင်းသူ ကျောင်းသားများကိုသာ လက်ခံပါမည်။

(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၆၀)နှင့်အထက် ရရှိသူဖြစ်ရမည်။

(ခ) အင်္ဂလိပ်စာကျွမ်းကျင်မှု (English Proficiency) အတွက် IELTS Band 5.5 အနည်းဆုံးရရှိရမည်။ (မြန်မာနိုင်ငံတွင် သင်တန်းတက်နေစဉ်အတွင်း ရရှိရမည်)

၄။ သင်တန်းတက်ရောက်မည့် ကျောင်းသူ ကျောင်းသားများသည် Foundation သင်တန်း (၆) လ တက်ရောက်ပြီး အောင်မြင်သူများကိုသာ ပထမနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။ Foundation သင်တန်းတွင် တက်ရောက်သင်ကြားရမည့် ဘာသာရပ်များမှာ

| ME (Civil Engineering)အတွက် | ME (Information Technology)အတွက် |
|---|---|
| - သင်္ချာ | - Office Computing |
| - ရူပဗေဒ | - Computer System |
| - ဓာတုဗေဒ | - Software Development Technique |

၅။ Foundation သင်တန်းဖွင့်ရက် - ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၂၆)ရက်

လျှောက်လွှာများကို အောက်ပါနေရာများတွင် ရယူလျှောက်ထားနိုင်ပါသည်။

၁။ MCC Institute (Yangon Campus)
Ph : 01-395512, 01-245762
သိမ်ကြီးဈေး (စီ)ရုံ၊ တတိယထပ်၊ အဆောင် (၃၊၄) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ MCC Institute (Yangon Campus)
Ph: 01-652236, 01-652237
အဆောင်(၆)၊ တတိယထပ်၊ MICT Park လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။

၃။ MCC Institute (Mandalay Campus)
Ph : 09-402671562, 09-441034062
ရတနာပုံစူပါစင်တာ၊ ပဉ္စမထပ်၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ၃၄ လမ်းထောင့်၊ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေတန်းရွာ၊ အလျား ၇၆ပေ×အနံ ၄၅ပေရှိ မြေကွက်အမှတ်(၄၄၆)ကို မူလပိုင်ရှင် ဦးနေမင်း ၉/ပမန(နိုင်)၁၃၈၁၇၅ထံမှ ကျွန်ုပ် ဒေါ်မိုးမိုး ၉/လဝန(နိုင်) ၁၅၇၉၈၀က ကျေးရွာတာဝန်ရှိ ပုဂ္ဂိုလ်အသိသက်သေများရှေ့၌ စာချုပ်ချုပ်ဆိုဝယ်ယူပြီးဖြစ်ပါသည်။ယခုအခါ ယင်းမြေကွက်ကို ပြန်လည်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မိုးမိုး**
**ဖုန်း-၀၉-၄၂၈၃၀၂၇၃၈၊ ၀၉-၇၇၉၆၂၂၅၀၀**
**သပြေတန်းကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ တိုက်အမှတ်(၂၄-အေ)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၈)ထပ်တိုက်၏ စတုတ္ထထပ် (၅-လွှာ)၊ အခန်းအမှတ် (၄၀၁)ဟုခေါ်တွင်သော တိုက်ခန်းအကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင်များနှင့် တိုက်အမှတ် 'A'ဝယ်ယူထားသော အခန်းပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက်သဘောတူ ကတိစာချုပ်အရ ဒေါ်သန်းသန်း ၁၂/စခန(နိုင်) ၀၀၈၂၉၄မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**


## အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763


## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)၊ ကန့်ကွက်နိုင်ကြောင်း ကြေညာစာတွင် ဒေါ်အရှိ အစား ဒေါ်အရှာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဖြူသန်း ၁၂/ရမသ(နိုင်)၀၃၃၄၆၅၏ Passport No (မမှတ်မိ) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၁၅၀၀၄၃၁**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်းစသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ချင်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန<br>တိုင်းဒေသကြီး/ပြည်နယ်/<br>ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | KHUANG LUAI Co.,Ltd | ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
